

'Lovely My
Little World'
Story By:Sura
(Season - 2)
LMS

# Lovely My Little World

## Season-(2)

### အပိုင်း (၁)

"မာန် ဒါ ဒါ တကယ်ပဲလား မာန်"

"အင်း"

"ဟုတ်တယ် ဒီက အစ်ကိုရ ပုလဲမှာ ကိုလွှမ်းရဲ့ရင်သွေးလေး ရှိနေပြီ"

"မဖြစ်နိုင်တာ မဖြစ်နိုင်လိုက်တာ မာန် မာန်က ဘယ် ဘယ်တော့မှ အပြင်မှာ ည ညအိပ်ဖူးတာမှ မဟုတ်တာ ... တစ်ရက် ဟုတ်တယ် တစ်ရက်ပဲ လွန်ခဲ့တဲ့ ၃လ လောက်က ..."

ပိုင်သည် သားအတွက် စိုးရိမ်ရသည့် အပူပေါ်တွင် ထင်မှတ်မထားခဲ့သော အရာကြောင့် အပူပေါ် အပူဆင့်ကာ သွေးရူးသွေးတန်း ဖြစ်လာခဲ့သည်။

"ဟုတ်တယ် အဲဒီ နေ့ပဲ ပုလဲနဲ့ အတူနေဖြစ်သွားတာ။ ခ်ခ် ရှက်လိုက်တာ"

"မာန် ..."

မာန်သည် ပိုင်အား ကြည့်နေရင်းမှ မျက်နှာ လွှဲလိုက်လေသည်။ ပိုင်သည် ရပ်နေရာမှ ပိုင်ကိုယ်တိုင်ပင် မသိလိုက်သည့် အချိန်တွင် နောက်သို့ တဖြည်းဖြည်း ဆုတ်ခွာ သွားမိလေသည်။

"သူက ပိုင် နာမည်ရင်းက သူရပိုင် လွန်ခဲ့တဲ့ ၇ နှစ်လောက်က ကို လက်ထပ်ခဲ့တာ"

"ကို့မှာ အိမ်ထောင် ရှိတယ်ဆိုလည်း မကြားဖူးပါဘူး ပြီးတော့သူက ယောကျ်ားလေးလေ"

"ကိုနဲ့ပိုင် လက်ထပ်ထားတယ် ဆိုတာကို မေမေနဲ့ ကြီးကြီးကလွဲပြီး ဘယ်သူ့ကိုမှ အသိပေးခဲ့တာ မဟုတ်ဘူး။ ဖေဖေတောင် ဒီကိစ္စ မသိဘူး။"

"အာ ဘာတွေမှန်းလည်း မသိဘူးကွာ။ ခေါင်းတွေတောင် မူးလာပြီ။ ကို နော် ပုလဲမှာ ကိုယ့်ရင်သွေး ရှိနေပြီနော်။"

"ကို သိပါတယ်"

မာန်သည် ပုလဲဘက်သို့ လှည့်ကာ ပြောလိုက်သည်။ ထို့နောက် ပိုင်ဘက်သို့ ပြန်လှည့်လာကာ

"လရောင်ပိုင် နေမကောင်းဘူးဆို"

မာန်၏ စကားကြောင့် ပိုင်သည် သားကို သတိ ပြန်ရသွားပြီးနောက် အနည်းငယ် ပြန်တည်ငြိမ်လာကာ ...

"ဟုတ်တယ် မာန် သား သားနေမကောင်းဘူး အပူတွေ တော်တော်တက်နေတာ သား သားကို ဆေးခန်းလိုက်ပို့ပေး ..."

"Driver ကို ခေါ်ပေးထားတယ် သူမကြာခင် လာလိမ့်မယ်။ "

"မဟုတ် မဟုတ်ဘူး မာန်"

"ကို သွားရအောင်လေ မေမေ မျှော်နေတော့မယ်။ ပုလဲလည်း ဗိုက်ဆာနေပြီ"

ပုလဲက မာန်၏ လက်မောင်းလာတွဲကာ ညူတူတူဖြင့် ပြောလာသည်။ ထို့နောက် မာန်သည် ကားထဲပြန်ဝင် ပြီးနောက် ငွေအထုပ်အား ယူကာ ပြန်ထွက်လာသည်။

"ရော့ ဒါယူသွားလိုက် လိုရင်Driver ကိုသာ လာယူခိုင်းလိုက်"

"မဟုတ် မဟုတ်ဘူး မာန်"

ပုလဲသည် ပိုင်အား တစ်ချက် လှည့်ကြည့်ပြီးနောက် ကားထဲသို့ ပြန်ဝင်သွား လေသည်။ မာန်သည် ပိုင်အား ကားပေါ် ပြန်မတက်သေးခင် ပိုင့်အား ပြန်ကြည့်လိုက်ကာ ကားပေါ် ပြန်တက်သွားလေသည်။ ထို့နောက် မာန်၏ ကားလေးသည် ခြံထဲမှ ဖြည်းညင်းစွာ မောင်းထွက် သွားလေတော့သည်။

၇ နှစ်ကျော်ကျော် ကာလအတွင်း ပိုင်မာန်ကို နေ့စဉ်နှင့်အမြဲ လိုအပ်တာ မှန်သမျှ ဖြည့်စည်း ပေးခဲ့သည်။ မိန်းမတစ်ယောက် မဟုတ်သော်လည်း ဇနီးတစ်ယောက်က သူ့ယောက်ျားအပေါ်မှာ ထားတဲ့ တာဝန် တွေ အတိုင်း ပိုင်ဖြည့်စည်း ပေးခဲ့သည်။ မာန်လိုချင်တိုင်း အချိန်မရွေး လိုက်လျောခဲ့သည်။ မာန်အတွက် အချိန်မရွေး ရှိနေပေးခဲ့သော်လည်း မာန်ကိုတိုင်ကပင် မတွေ့ထိခဲ့ခြင်း ဖြစ်သည်။ သူမကြိုက်တာ မှန်သမျှ ပိုင်ရှောင်ရှားခဲ့သည်။ လုပ်မိခဲ့ရင်တောင် ဖြစ်ပေါ်လာသော အကျိုးဆက်အား ပိုင်ကျေကျေနပ်နပ် လက်ခံခဲ့သည်။ မာန့်ဆီမှ ဘာမှ မတောင်းဆိုဖူးသလို ဘာမှလည်း မမျှော်လင့်ခဲ့ပါဘူးပေ။ ချစ်ခြင်းမေတ္တာက လွဲရင်ပေါ့။ ဒါတွေအားလုံးရဲ့ နောက်ဆုံး အဆုံးသတ်က ဒါသည်ပင်လော ...။

"သားပိုင် သားပိုင် သတိထားပါဦး သားပိုင်"

ကြီးကြီးသည် ပိုင့်အား ခေါ်နေသော်လည်း ပိုင်သည် အသိစိတ် လွင့်နေကာ အိမ်ဝ၌ပင် မတ်တတ် ရပ်လျက်သာ ရှိနေခဲ့သည်။ ပိုင် အသက်ရှူဖို့ပင် မေ့လျော့ နေခဲ့လေပြီ။

ပိုင်နှင့်သား ရှိနေတာတောင် မာန်၏ ချစ်ခင်ကြင်နာခြင်းတွေနဲ့ မာန်၏ သွေးသားကို တစ်ခြားလူတစ်ယောက်ကို ပုံပေးနိုင်လောက်အောင် ပိုင်မှာ ဘာတွေများ လိုအပ်ချက် ရှိနေသေးလို့လဲ။ ပိုင်ကိုယ်တိုင်တောင် မသိလိုက်တဲ့ အမှားအတွက် နှစ်တွေအကြာကြီး ပေးဆပ်ခဲ့ရတာတောင် ပိုင်အား

လွတ်ငြိမ်း ချမ်းသာခွင့်ပင် မသနား နိုင်သေးတာလား။ မာန်၏ သွေးသားကို တောင် အသက်နဲ့ရင်းပြီး မွေးဖွား ပေးခဲ့တာလေ ...။

"သားပိုင် သားပိုင် လရောင်လေးကို ဆေးခန်း သွားပြရဦးမယ်လေ"

ကြီးကြီးက ပိုင်လက်မောင်းအား လှုပ်ကာ ပြောလေသည်။ ပိုင်သည် သား နာမည် ကြားသည့်အခါမှ အသိစိတ် ပြန်ဝင်လာကာ သားအခန်းထဲသို့ အပြေး ပြန်ဝင်လာခဲ့သည်။ ပိုင် သားအခန်းသို့ ရောက်သည့်အချိန်တွင် သားက ခုတင်ပေါ်ရှိ စောင်များကြားထဲတွင် အိပ်ပျော် နေလေသည်။ ပိုင်သည် သားကိုမြင်မြင်ချင်း ပြေးသွားကာ သားအား ရင်ခွင်ထဲ ဆွဲထည့် လိုက်သည်။

"သားရယ် ..."

ဟုတ်သည် ပိုင်ပြိုလဲ၍ မဖြစ်။ သားအတွက် ပိုင်သည် ကြံ့ခိုင်နေသော တံတိုင်းကြီး ဖြစ်နေရမယ်။ မိခင် မေတ္တာရော ဖခင်မေတ္တာပါ ပိုင်ပေးရ မည်။ ပိုင်ပြိုလဲ၍ မဖြစ်။ ဟုတ်သည် ပိုင်ပြိုလဲ၍ မဖြစ်ပေ။ ပိုင်သည် သား အား ရင်ခွင်ထဲ ဆွဲထည့်လိုက်ခြင်းနှင့် အတူ သား၏ ခန္ဓာကိုယ် အပူချိန် သည် ပိုင်ကိုပင် ကူးစက် လာခဲ့လေသည်။

သားသည် ပိုင်အား ပြန်ဖက်တွယ်လာကာ တအီအီနှင့် လုပ်နေလေသည်။ ပိုင်သည် သားနဖူးလေးအား တစ်ချက်နမ်းပြီးနောက် သားအား အင်္ကျီလဲ ပေးကာ ဆေးခန်းသွားရန် ပြင်လိုက်သည်။ ကြီးကြီးသည် လိုက်မယ် ပြော သော်လည်း ကြီးကြီးအား အလုပ်မပိုစေချင်သောကြောင့် အိမ်တွင် နေခဲ့ရန် သာ ပြောကာ အိမ်၌ပင် ထားခဲ့လေသည်။ သားအား ချီလျက်ပင် ထွက်လာ ချိန်တွင် အိမ်ရှေ့သို့ ကားက အဆင်သင့် ထိုးရပ်လာသောကြောင့် ပိုင်သည် သားအား ပွေ့ချီပြီးနောက် ကားပေါ်သို့ တက်လာ ခဲ့လိုက်လေသည်။

***

"လာ သမီးလာ ပုလဲ။ မေမေ ကစောင့်နေတာ"

မာန်၏ ကားလေးသည် နန်းနွယ်၏ ခြံဝန်းထဲ ဝင်လာကာ အိမ်ရှေ့တွင် ထိုးရပ်လိုက်သည့် အချိန်တွင် အိမ်ရှေ့ ထွက်ကာ မတ်တတ် ရပ်နေသော နန်းနွယ်မှ ကားနားသို့ လျှောက်လာကာ ပြောလေသည်။ ထို့နောက် ပုလဲ သည် ကားပေါ်မှ ဆင်းကာ နန်းနွယ်အား ပွေ့ဖက်လိုက်လေသည်။

"မေမေ နေကောင်းတယ်နော်။ ပုလဲ လည်း ဟိုတစ်ခေါက် ရောက်ပြီးထဲ က မရောက်တော့တာ။ ပုလဲ လည်း လာချင်နေတာ။ ကိုလွှမ်းက မအားဘူး။ မအားဘူးပဲ ပြောနေတာ"

ထိုအချိန်တွင် မာန်သည် ကားအား ပါကင် ထိုးပြီးနောက် တဖြည်းဖြည်း နန်းနွယ် ရှိရာသို့ လျှောက်လာ လေသည်။

"သားမာန်။ သားမာန်က မေမေ့တောင် အရင် ဖုန်းမဆက်ဘူး။ သမီးပုလဲ ဆက်မှပဲ သိရတော့တယ်"

မာန် သည် နန်းနွယ်အား စကားပင် ပြန်မပြောကာ ကားသော့အား ပုလဲ အား ပေးခဲ့ကာ ဧည့်ခန်းထဲ လျှောက်သွားကာ ဆိုဖာတွင် ဝင်ထိုင်လိုက်လေ သည်။ ပုလဲသည် မျက်နှာ ပျက်သွားသော်လည်း ချက်ချင်းပင် ပြန်ပြင်ကာ နန်းနွယ်အား ရယ်ပြ လိုက်လေသည်။

"လာ လာ သမီးလာ အထဲဝင်"

"နေဦး မေမေ။ ပုလဲ မေမေ့အတွက် ပစ္စည်းတွေ ဝင်ဝယ်လာခဲ့တယ်။ ခဏလေးနော် ကားထဲမှာ ကျန်ခဲ့လို့"

ပုလဲသည်ပါကင် တွင်ထိုးထားသော ကားဆီသို့ လျှောက်လာကာ ကား နောက်ခန်းရှိ ဝယ်လာသော အထုတ်များအား ဆွဲထုတ်လိုက်ချိန်တွင် ထိုအ ထုတ်များနှင့် အတူ ဖိုင်တစ်ခုသည် ညှပ်ပါလာကာ ကားတံခါးအပြင်ဘက်

သို့ ထွက်ကျ လေသည်။ ထို့ကြောင့် ပုလဲသည် အထုတ်များအား ဘေးရှိ ကျောက်အလှလေးများဖြင့် ပြုလုပ်ထားသော ကျောက်ခုံပေါ်တွင် တင်ကာ ထိုဖိုင်အား ကောက်လိုက် လေသည်။ ပုလဲသည် ဖိုင်အားကောက်ကာ ကား ထဲသို့ ပြန်ထည့်မည့် အချိန်တွင် ဖိုင်အကြည်အောက်မှ တွေ့ရသော စာရွက် များကြောင့် ပုလဲ၏ လက်တို့သည် ရပ်တန့်သွားကာ ဖိုင်ထဲမှ စာရွက်အား ဖြည်းညင်းစွာ ထုတ်လိုက်လေသည်။ ထို့နောက် စာရွက်များအား တစ်ရွက် ချင်း လှန်ကာ ဖတ်လိုက် လေသည်။

ကိုလွှမ်းတို့ ကျောက်တွင်းက ပြိုကျခဲ့တာလား။ ဘယ်တုန်းကလဲ။ ရက်စွဲ အရဆိုရင် တော်တော် ကြာနေပြီ ဖြစ်နေတာကို ကိုလွှမ်းက ဘာလို့ ဒီအမှု ကို ပြန်လိုက်ဖို့ လျှောက်လွှဲချက်တင်ဖို့ ဒီစာရွက်တွေကို စုနေရတာလဲ။ ရက်စွဲအရဆိုရင် ကိုလွှမ်း ညီမလေး မဆုံးခင် အစောထဲက ဟာကို ကိုလွှမ်း က ဘာလို့အခုမှ ပြင်ဆင် နေရတာလဲ။

ပုလဲသည် ဖတ်လိုက်သော်လည်း နားမလည်ပေ။ ထို့ကြောင့် စာရွက်များ အား ဖိုင်ထဲသို့ ပြန်ထည့်ကာ ကားထဲ၌သာ ပြန်ထည့် ခဲ့လိုက်လေသည်။ ထို့နောက် ကားတံခါး ပြန်ပိတ်လိုက်ပြီးနောက် ဘေးတွင် ချထားသော အ ထုတ်များအား ပြန်ယူကာ နန်းနွယ် ရှိရာသို့ ပြန်လာ ခဲ့လိုက်လေသည်။

ထို့နောက် နန်းနွယ်နှင့်ပုလဲတို့ အိမ်ထဲ ပြန်ဝင်လာချိန်တွင် မာန်သည် ဧည့်ခန်းထဲရှိ ဆိုဖာအား မှီလျက်ပင် ဆိုဖာပေါ်တွင် ခေါင်းတင်ကာ မျက်လုံး မှိတ်ထားလေသည်။

"ကဲ မေမေ့ သားမာန် ဖခင်လောင်းကြီး ဂုဏ်ယူပါတယ်။ သိပ်မကြာတော့ ဘူး မေမေ့အိမ်မှာ ကလေးသံလေးတွေနဲ့ သာယာတော့မှာ"

နန်းနွယ်သည် ပြောရင်းပင် မာန့်ရှေ့ရှိ ဆိုဖာတွင် ဝင်ထိုင် လိုက်လေ သည်။ ပုလဲက အထုတ်များအား အိမ်စေ ကောင်မလေး အားပေးခဲ့ကာ မာန့်

ဘေးတွင် ဝင်ထိုင် လိုက်လေသည်။

"မေမေ တွေ့လား။ မေမေ့သားက ပုလဲမှာ ကလေးလေး ရှိတာတောင် မျက်နှာကြီးကို ကြည့်ဦး"

နန်းနွယ် သည် ပုလဲအား ရယ်ပြကာ

"သမီးရယ် သမီးလည်း သိသားနဲ့။ သားမာန်က ဘယ်တုန်းက ပြုံးဖူးလို့လဲ"

"ဒါမဲ့ မေမေရာ ခု ရင်သွေးလေးရနေတာကို ပြုံးပျော် နေသင့်တာပေါ့"

ထိုအခါ နန်းနွယ်သည် မာန့်အား ကြည့်လိုက်ကာ

"သားမာန်ကလည်း ဟုတ်တာပေါ့"

ထိုအခါမှ မာန်သည် ပုလဲနှင့် နန်းနွယ်အား ပြန်လည် ပြုံးပြကာ ရှေ့ရှိ စားပွဲပေါ်ရှိ ဖန်ခွက်ထဲမှ ရေအား ယူသောက်လေသည်။ သိပ်မကြာမီ နန်းနွယ်တို့ရှိရာ ဧည့်ခန်းထဲသို့ အိမ်စေ မိန်းကလေးသည် ခေါင်းအနည်းငယ် ငုံ့ကာ ဝင်လာလေသည်။

"မမကြီး ထမင်းပွဲ အဆင်သင့်ဖြစ်ပါပြီ"

"အိုကေ လာပြီ လာပြီ။ လာ သမီးလာလာ။ သားမာန် လည်းလာ"

"ဟုတ်မေမေ။ သားလိုက်ခဲ့ပါ့မယ်"

နန်းနွယ်နှင့် ပုလဲတို့သည်ထိုင်နေရာမှ ထကာ ထမင်းစားခန်းထဲသို့ ဝင်သွားလေသည်။ ထို့နောက် မာန်သည် ဆိုဖာမှ ထကာ ပိုင်ပြန်မရောက်ခင် အထိ နေခဲ့သော မာန်တို့၏ အခန်းလေးရှိရာ အပေါ်ထပ်သို့ ဖြည်းညင်းစွာ တက်လာ ခဲ့လေတော့သည်။

***

ပိုင်တို့ ဆေးခန်း ရောက်ချိန်တွင် ဆေးခန်း၌ လူများ နေခဲ့သောကြောင့်

ကား Driver အား ကားထဲ၌ ပင်စောင့်နေခိုင်းကာ ပိုင်သည် သားကို ချီလျက် ပင် ဆေးခန်းသို့ ဝင်လာ ခဲ့လိုက်သည်။ အလှည့်မကျ သေးသောကြောင့် သားကို ချီလျက်ပင် ထိုင်စောင့်ရန် ချထားသော ခုံ၌ပင် ဝင်ထိုင် လိုက်သည်။ ကလေးဆေးခန်း ဖြစ်သောကြောင့် အရွယ်အမျိုးမျိုးသော ကလေးများနှင့် မိဘများသာ ပြည့်နေသည်။ သားသည် ပိုင်၏ အင်္ကျီအစသို့ဆွဲကာ ပိုင်ရင်ခွင်ထဲသို့ ပိုမို တိုးဝင် လာခဲ့လေသည်။ ပိုင်သည် သားအား ပြန်လည်ငုံကြည့်လိုက်သည့် အချိန်တွင်သားက တအီအီသာ လုပ်နေကာ ကလေးသဘာဝ ဂျီကျ ချင်နေသည်။

ထို့နောက် သားက ပိုင်ရင်ခွင်ထဲ ဝင်နေလျက်ပင် တစ်ဖက်တွင်ရှိသော ကလေးအားကြည့်နေသည်။ ပိုင်သည် သားကြည့်ရာသို့ လိုက်ကြည့် လိုက်ချိန်တွင် သားကြည့်နေသော နေရာမှ ကလေးလေးသည် သူ၏ မိခင်ရင်ခွင်ထဲတွင် အိပ်ပျော်နေသည်ကို မိခင်မှ ပွေ့ထားကာ သူ့ကလေးအား ကြည့်နေလေသည်။ ထိုကလေး၏ ဖခင်သည် ကလေး မိခင်၏ ပခုံးသို့ သိုင်းဖက်ကာ ထို ကလေးလေးအား ကြည့်နေလေသည်။ ပိုင်သည် ထိုကလေးမိသားစုအား ကြည့်နေသော သားခေါင်းလုံးလုံးလေးကို တစ်ဖက်သို့ လှည့်ခိုင်းစေကာ ရင်ခွင်ထဲတွင် ပိုမို တင်းကျပ်အောင်ပင် ဖက်ထား လိုက်တော့သည်။ ဖေဖေသားကို မိခင်မေတ္တာရော ဖခင်မေတ္တာကိုပါ ဒီထက်မက ပေးနိုင်အောင် ဖေဖေ ကြိုးစားမှာပါ။

ဆေးခန်း ပြပြီး အိမ်ပြန်လာသည့်တိုင် သားက ပိုင့်လည်ပင်းအား မလွှတ်စတမ်း ဖက်ထားခဲ့သည်။ ကားပေါ်ရောက်သည့်ထိ သားက လွှတ်မပေးသောကြောင့် ချီလျက်သာ လိုက်လာ ခဲ့ရသည်။ သားကို ချီလျက်ပင် ဆရာဝန်ပေးသော ဆေးစာအုပ်လေးအား ယူကြည့် မိလိုက်သည်။ ဆေးစာအုပ်လေး၏ အမည်ဆိုသည့် နေရာတွင် လရောင်ပိုင် ဟူသော နာမည်လေး။

တောင်းပန်ပါတယ် သားရယ် ဖေဖေ့ ပျော့ညံ့မှုကြောင့် သားနာမည် အပြည့်အစုံ လွှမ်းလရောင်ပိုင် ဆိုတာတောင် ထုတ်ပြောခွင့် မရှိခဲ့ပေ။ ဖေဖေ တောင်းပန်ပါတယ်သား ဖေဖေ တောင်းပန်ပါတယ်။ ပိုင်သည် သားအား ငုံ့ကြည့်နေလျက်ပင် လက်တစ်ဖက်ဖြင့် သား၏ နဖူးထက်၌ ဝဲကျနေသော ဆံပင်လေးအား ဘေးဖယ် ပေးလိုက်ပြီးနောက် ဆေးစာအုပ်အား ပြန်သိမ်း လိုက်ချိန်တွင် ပိုင်၏လည်ပင်း၌ ဖက်ထားသော သား၏ လက်တို့သည် ဖြေလျော့ သွားခဲ့သောကြောင့် သားအား ပြန်လည် ခေါင်းငုံ့ ကြည့်လိုက်သည့် အချိန်တွင် သားက အိပ်ပျော်နေပြီဖြစ်သည်။ ထို့ကြောင့် ပိုင်သည် ဝတ်ထားသော အင်္ကျီအပေါ်ထပ်အား ချွတ်ကာ သားအားခြုံပေးလိုက်လေသည်။ ကားရှိ Aircon အအေးကြောင့် သားအားထပ်ကာ အအေးပတ်မည် စိုးသောကြောင့် ဖြစ်သည်။

ပိုင် အိမ်ပြန် ရောက်သည့်တိုင် မာန် ပြန်မရောက်သေးပေ။ အိမ်ဝတွင် စိုးရိမ်တကြီးနဲ့ စောင့်နေသော ကြီးကြီးကိုသာ တွေ့ရသည်။ ကားရပ်လိုက်သည့် အချိန်တွင် ကြီးကြီးသည် ကားဘေးနားကို လာကာ သားအား လာခေါ်သည်။ ပိုင်သည် ကားပေါ်မှ ဆင်းကာ သားအား ကြီးကြီးဆီ ပေးမယ် အပြုတွင် သားကနိုးလာကာ ပိုင်အား အတင်းအကျပ် ပြန်ဖက်ထားလေသည်။

"ဟင့်အင်း ဖေဖေနဲ့ နေမှာ။"

ဆိုကာ သားက လေသံတိုးတိုးလေးဖြင့် ပြောလာခဲ့သောကြောင့် ကြီးကြီးကို ခေါင်းညိတ် ပြလိုက်သည်။

"သားပိုင် ဆရာဝန်က ဘာပြောလဲ ဘာဖြစ်တာလဲတဲ့"

"နည်းနည်း အအေးပတ်လို့ နွေးနွေးထွေးထွေးလေး ထားပေးပါတဲ့။ ထမင်းကျွေးလို့ မရဘူး ကြီးကြီး။ အပူပြန်တက် လိမ့်မယ်တဲ့။ အရည်နဲ့

ဆန်ပြုတ် ဖြစ်ဖြစ် ဘာဖြစ်ဖြစ် အဲဒီလိုလေးတွေပဲ ကျွေးရမယ်တဲ့"

"တော်သေးတာပေါ့ ကြီးကြီး စိတ်တွေ ပူလိုက်ရတာ လရောင်လေးရာ။ သားပိုင် ဒါဆို လရောင်လေးအတွက် ကြီးကြီး ဆန်ပြုတ် သွားပြုတ်လိုက်မယ်။ ပြီးရင် သားလည်း တစ်ခုခု စားလိုက်ဦး နေ့ခင်းထဲက ဘာမှ မစားရသေးတာ"

"ဟုတ်ကဲ့ ကြီးကြီး"

ကြီးကြီးက သားရဲ့ ခေါင်းလေးအား တစ်ချက် ပွတ်ပေးကာ ဆန်ပြုတ်ပြုတ်ရန် မီးဖိုခန်းထဲသို့ ဝင်သွားတော့သည်။ ပိုင်သည် သားအား ချီလျက်ပင် သားအခန်းထဲ ဝင်လိုက်ကာ သားအား ခုတင်ပေါ်သို့ ဖြည်းညင်းစွာ ချပေးလိုက်သည်။ ထို့နောက် ပိုင်သည် သားအခန်းထဲရှိ Aircon ကိုပိတ်ကာ သားအိပ်ရာအား ပြန်လည် ပြင်ပေးလိုက်သည်။

"ဖေဖေ သားရေသောက်ချင်တယ်။"

ပိုင်က သားအိပ်ရာအား ပြင်ပေးနေသည့် အချိန်တွင် သားက ပြောလာသည်။

"ရေသောက်လို့ မရဘူးသား။ ရေနွေး အဖြူထည်လေးပဲ သားသောက်ရမယ်။ သား နေကောင်းမှ ရေအေး ပြန်သောက်ရမှာ။ သားဒီမှာ ခဏနေဦး ဖေဖေ သွားယူ လိုက်ဦးမယ်"

"ဟုတ်ဖေဖေ"

ပိုင်သည် သားအား ခုတင်ပေါ်တွင် ထိုင်စေကာ မီးဖိုခန်းထဲသို့ ဝင်လာ ခဲ့လိုက်သည်။ ထို့နောက် ကြီးကြီး အအေး ခံထားပေးသော ရေနွေးအဖြူထည်အား ဖန်ခွက်လေးဖြင့် ယူလာကာ သားအခန်းထဲသို့ ပြန်လာ ခဲ့လိုက်သည်။ အခန်းထဲတွင် သားက ခုတင်ပေါ်တွင် ထိုင်လျက်သာ ရှိ

နေသည်။ ပိုင်သည် သားအား ရေနွေးအဖြူ ထည်လေးအား တိုက်လိုက်ပြီး နောက် ဖန်ခွက်အား ဘေးခုံပေါ်တွင် တင်လိုက်ကာ သားခုတင်ပေါ်တွင် ဝင်ထိုင် လိုက်သည်။ ပိုင် ဝင်ထိုင်လိုက်သည့် အချိန်တွင် သားက ထိုင်နေရာမှ ထလာကာ ပိုင်၏ ပေါင်ပေါ်သို့ လာထိုင်ကာ ပိုင်၏ ရင်ခွင်ထဲ တိုးဝှေ့ လာခဲ့ လေသည်။

"သား မအိပ်ရဘူးနော် ကြီးကြီး ပြုတ်ပေးတဲ့ ဆန်ပြုတ် သောက်ပြီးရင် ဆေးသောက် ရဦးမယ်နော်"

သားက ရင်ခွင်ထဲ ပိုတိုးဝင်ကာ ဂျီကျ နေလေသည်။ ထိုစဉ် သားအခန်း တံခါး ပွင့်လာ၍ ဆန်ပြုတ်ပန်းကန်နှင့် ရေနွေးအဖြူအား အအေးခံထား သော ဖန်ခွက်တို့ တင်ထားသော ဗန်းအား ကိုင်လာသော ကြီးကြီးက အခန်းထဲသို့ ဝင်လာခဲ့သည်။ ထို့နောက် သားခုတင်ဘေးရှိ စားပွဲပေါ်တွင် တင်လိုက်ကာ သားနဖူးအား လာစမ်းလေသည်။

"အပူလေး နည်းနည်း ကျသွားလို့ တော်သေးတယ်"

ကြီးကြီးသည် သားအား အပူစမ်းလျက်ပင် ပြောလာသည်။

"သားပိုင် လရောင်လေး အတွက် ဆန်ပြုတ်ရပြီ ကြီးကြီး အအေးခံပေး ထားတယ်။ နည်းနည်းတော့ ပူသေးတယ်"

"ဟုတ်ကဲ့ ကြီးကြီး"

"သားပိုင် ကြီးကြီး ဘုရားဝတ်ပြုတော့မယ် လိုအပ်ရင် ဘုရားခန်းထဲ လာ ခေါ်နော်သား"

"ဟုတ်ကဲ့ ကြီးကြီး"

ကြီးကြီးသည် သားခေါင်းလေးအား တစ်ချက် ပွတ်ပေးပြီးနောက် သား အခန်းမှ ထွက်သွား လေသည်။ ကြီးကြီး ထွက်သွားမှ ပိုင်သည် စားပွဲပေါ်၌

တင်ထားသော ဆန်ပြုတ် ပန်းကန်အား လှမ်းယူ လိုက်သည်။

"သား လရောင်လေး ဆန်ပြုတ် သောက်မယ်။ဖေဖေ ခွံ့မယ် ခဏထိုင်ဦး သား"

ပိုင်သည် ခုတင် ခေါင်းရင်းတွင် ခေါင်းအုံးလေးအား မှီထားပြီးနောက် ရင်ခွင်ထဲ၌ မှီနေသော သားကို ထစေကာ မှီထိုင် ခိုင်းလိုက်သည်။

"သား လရောင်လေး ဆန်ပြုတ် သောက်ရမယ်နော်"

"ဟုတ်ကဲ့ဖေဖေ"ဟု ဆိုကာ သားက ပိုင်ခွံ့သမျှ ဆန်ပြုတ်ကို သောက်နေသည်။ တစ်ပန်းကန် မရှိတရှိလောက် ကုန်သွားခါမှ သားက "ဖေဖေ သားတော်ပြီ။ သားအိပ်ချင်နေပြီ"

"အာ့ဆိုရင်လည်း ဖေဖေ့ လရောင်လေး ဆေးသောက်ရမယ်" ဟု ဆိုကာ သားပါးစပ်နားတွင် ပေနေသော ဆန်ပြုတ် အနည်းငယ်အား သုတ်ပေးပြီး နောက် သားလက်ထဲ ဆေးထည့်ကာ ရေနွေးအဖြူ ထည့်ထားသော ဖန်ခွက် အား သားကို လှမ်းပေး လိုက်သည်။ သားက ဆေးသောက် ပြီးချိန်တွင် ပြန် ပေးလာသော ဖန်ခွက်အား ယူကာ စားပွဲပေါ်သို့ ပြန်တင် လိုက်သည်။ ထို့နောက် သားအိပ်ရန် အိပ်ရာ ပြန်ပြင်ပေးပြီးနောက် သားအိပ်သည့် အချိန်တွင် စောင်လေးအား ယူခြုံ ပေးလိုက်သည်။ ထို့ပြင် သားခေါင်းအေး မှာ စိုးသောကြောင့် သားဗီဒိုထဲမှ ခေါင်းစွပ် ဖြူဖြူလေးအား သွားထုတ်ယူ ကာ သားခေါင်းအား စွပ်ပေး ထားလိုက်သည်။

ထို့နောက် ပိုင်သည် သားဘေး၌ ဝင်ထိုင်လိုက်ကာ သား၏ နဖူးလေးအား အသာအယာ ပွတ်ပေးနေကာ သားအား ချော့သိပ်ခဲ့သည်။ မကြာမီပင် သား သည် အိပ်ပျော် သွားခဲ့လေသည်။ သားအိပ်ပျော်သွားတော့မှ အသာ ထပြီး နောက် သားအခန်း တံခါးအား စေ့ကာ သားအခန်းထဲမှ ထွက်လာ ခဲ့ပြီး နောက် မီးဖိုခန်းထဲသို့သာ ဝင်လာ ခဲ့လိုက်သည်။ ထို့နောက် ထမင်းစားပွဲ

ပေါ်ရှိ ရေကရားထဲမှ ရေကို ဖန်ခွက်ထဲထည့်ကာ သောက်လိုက်ပြီး မီးဖိုခန်းထဲမှ ပြန်ထွက်လာသည့် အချိန်တွင် ခြံဝ၌ ကားသံ ကြားသောကြောင့် ခြံဝသို့ ကြည့်လိုက်သည့် အချိန်တွင် မာန်၏ ကားအနက်လေးသည် ခြံထဲသို့ မောင်းဝင် လာခဲ့လေသည်။

***

## အပိုင်း (၂)

"မာန် အဲဒီ ကလေးက မာန်ရဲ့ကလေး ဟုတ် ... ဟုတ်ရဲ့လား"

ပိုင်သည် မာန်အပေါ်ထပ်သို့ တက်လာချိန်တွင် နောက်မှ လိုက်လာကာ မာန်အား မေးနေ လေသည်။

"ဟုတ်တယ် ငါနဲ့ရတဲ့ ကိုယ်ဝန် ပုလဲမှာ ရှိနေပြီ"

လက်တွင် ပတ်ထားသော လက်ပတ်နာရီအား ချွတ်လျက်ပင် မာန် ပြန်ပြော လေသည်။ ထို့နောက် မာန်သည် အင်္ကျီပါ ဆွဲချွတ် လိုက်လေသည်။

"မာန်ရဲ့ ကိုယ်ဝန် ဆိုတာရော သေချာလို့လားဟင် မာန်"

"ငါက ဟုတ်တယ်လို့ ပြောတာ ဟုတ်လို့ပေ့ါ။ မင်းက ဘာထပ်သိချင် နေတာလဲ ဟမ်။ ဘာလဲ အဲဒီညက ငါဘယ်လောက် သာယာခဲ့လဲဆိုတာပါ သိချင်နေတာလား"

မာန်သည် စိတ်တိုလာကာ ခါးပတ်ဖြုတ်၍ ဘောင်းဘီ ချွတ်လျက်ပင် ပိုင်အား အော်လိုက် လေသည်။

"မဟုတ် မဟုတ်ပါဘူး ပိုင်က ... ပိုင်က"

"ကျစ်"

မာန်သည် ပိုင်အား စကားဆက်မပြောတော့ပဲ သဘက်အဖြူ ကိုယူကာ ရေချိုးခန်းထဲသို့ ဝင်သွား လေသည်။ ပိုင်သည် ရေချိုးခန်းထဲသို့ ဝင်သွားသော မာန်အား ကြည့်နေရင်းမှ သက်ပြင်းတစ်ချက် ချလိုက်ကာ ဗီဒိုရှိရာသို့

သွား၍ မာန်အတွက် ရေချိုးပြီးချိန်တွင် ဝတ်ရန် ညဝတ်အင်္ကျီ အားထုတ်ပေးကာ ခုတင်ပေါ်သို့ တင်ပေး ထားလိုက်သည်။ ထို့နောက် ပိုင် သည် မာန်အတွက် အိပ်ရာအား ပြင်ပေးကာ ခုတင်စွန်းတွင် ထိုင်ကာ မာန်ရေချိုးအပြီးကို စောင့်နေ လိုက်သည်။ အတန်ငယ် ကြာသော်

"နောက်တစ်ပတ်လောက် ကျရင် ပုလဲ အိမ်မှာ လာနေလိမ့်မယ်"

မာန်သည် ရေချိုးခန်းထဲမှ ခေါင်းသုတ်၍ ထွက်လာကာ ပိုင်အား ပြောလိုက်လေသည်။

"ပိုင် ပိုင် သိပြီးသားပါ"

မာန်သည် ပိုင်အဆင်သင့် ထုတ်ပေးထားသော အင်္ကျီအား ယူဝတ် လိုက်လေသည်။

"မာန် ပိုင် ပိုင် တောင်းဆိုစရာ ရှိလို့ပါ"

"..."

"ပိုင် ပိုင်ကို ကွာရှင်းပေးပါ"

ပိုင်၏စကားကြောင ့် မာန်၏ အင်္ကျီကြယ်သီး တပ်နေသော လက်တို့သည် ခေတ္တ ရပ်တန့် သွားခဲ့သည်။

"အဟက်"

မာန်သည် ကြယ်သီးတပ်လျက်ပင် ပိုင်ရှေ့အား လျှောက်သွားကာ အပြုံးတစ်ခု ပြုံးပြ လိုက်လေသည်။

"ဆိုတော့ မင်းက ငါ့ကို ကွာရှင်း ချင်တယ်ပေါ့"

မာန်၏ လက်တို့သည် ပိုင်၏ လည်ပင်းအား ရုတ်တရက် ဆွဲကိုင်လိုက်ကာ ညှစ်လိုက်သောကြောင့် ပိုင်သည် အနောက်ပင် ယိုင်သွားခဲ့လေသည်။

"အင့် အစ် မာန် မာန်"

မာန်၏ လက်တို့သည် တဖြည်းဖြည်း တင်းကျပ်လာပြီးနောက် ပိုင်၏ လက်တို့သည် မာန်အား ပြန်လည် ဆုပ်ကိုင်ကာ အသက်ရှူ ကြပ်လာပြီ ဖြစ်ကြောင်း သတိပေးသော်လည်း မာန်က လွှတ်မပေးချေ။ မာန်သည် ပိုင်အား စူးစူးရဲရဲကြည့်ကာ

"ဒီမှာ သူရပိုင်။ မင်းက ငါလက်မှတ် ထိုးယူထားတဲ့လူ။ ငါကွာပေးမှ မင်း ကွာရှင်းလို့ရမှာ နားလည်လား။ နေပါဦး မင်းက ငါ့ကိုကွာရှင်းဖို့ အထိ တောင် ပြောနေတယ် ဆိုတော့ ဘယ်ကောင့် အားကိုး ရှိနေလို့လဲ ဟမ်။ မင်းမြဲမြဲ မှတ်ထား မင်းရဲ့လင် လွှမ်းမာန်ထည်ဝါက ဘယ်တော့မှ မင်းကို ကွာရှင်းပေးမှာ မဟုတ်ဘူး မင်းနားလည်လား။ အေး အိမ်က ထွက်ပြေး တယ် ဆိုလို့ကတော့ မင်းရဲ့ သား လရောင်ပိုင်ရဲ့ အသက်ကိုအားမ မခံနိုင် ဘူးနော်။ ငါလိုလူမျိုးက လူတစ်ယောက်ကို ဖျောက်ဖျက်ရတာ သိပ်လွယ် တယ် ဆိုတာ မင်းသိပါတယ်။"

"မဟုတ် မဟုတ် ဘူးမာန် ပိုင် ... ပိုင်"

"တောက်"

မာန်သည် တောက်တစ်ချက် ခေါက်ပြီးနောက် ပိုင်၏ လည်ပင်းအား ညှစ် ထားသော လက်ဖြင့် တွန်းလိုက်သောကြောင့် ပိုင်သည် ခုတင်ပေါ်သို့ ပက်လက် ပြုတ်ကျကာ စကားပင် မပြောနိုင်ပဲ လည်ပင်းကိုသာ ကိုင်ကာ ချောင်းများ အဆက်မပြတ် ဆိုးနေခဲ့လေသည်။

ထို့နောက် ချောင်းဆိုးခြင်းသည် အနည်းငယ် သက်သာလာသည့် အချိန် တွင် ပိုင်သည် ပိုင်၏ ခေါင်းအုံး အားယူကာ အခန်းအပြင် ထွက်ရန် ပြင် လိုက်လေသည်။

"ဒါက ဘယ်လဲ။"

ပိုင်၏ အခန်းတံခါး ဖွင့်မည့် လက်တို့သည် အနည်းငယ် တုန်ယင်သွားကာ ...

"သား ... သား နေမကောင်းဘူး ... မာန်။ သားနဲ့ သွားအိပ်မလို့။ သားကို ... သားကို စိတ်မချလို့ပါ"

မာန်သည် အင်္ကျီကြယ်သီး တပ်နေရင်း ဖြင့် ခုတင်စွန်းတွင် ဝင်ထိုင် လိုက်လေသည်။

"ကလေးကို ဒီခေါ်လာခဲ့"

***

ပိုင်သည် အောက်ထပ်ရှိ သားအားဆင်း ခေါ်ကာ ချီလျက် အခန်းထဲသို့ ပြန်ဝင်လာချိန်တွင် မာန်က ကျောပေးကာ အိပ်နေလေသည်။ ပိုင်သည် သားအား ခုတင် ပေါ်တွင် ချကာ ညဝတ် အင်္ကျီအား လဲပြီးနောက် အိပ်ရန် အိပ်ရာသို့ ပြန်လှည့်လာချိန်တွင် သားက ...

"ပါပါး ... ပါပါး"

သားသည် တဖြည်းဖြည်း မာန့်ဘက် လှည့်သွားကာ မာန်အား ဖက်ထားလေသည်။ မာန် နိုးလာလျှင် မလိုလားအပ်သော ပြဿနာများ ဖြစ်မည် စိုးသောကြောင့် ပိုင်သည် သားအနားအား အပြေးလာကာ သားဘေးတွင် ဝင်လှဲ လိုက်ရလေသည်။

"သား သားလရောင် လာ ဒီဖက်လှည့် မေမေ့ကို လာဖက်ထား လာသား"

"ဟင့်အင်း ပါပါးကိုပဲ ဖက်မှာ"

လရောင်လေးသည် ခေါင်းခါကာ မာန့်ကိုသာ ဖက်ထား လေသည်။

"လာ မေမေ့ကို လာဖက် သားပါးပါး နိုးသွားမှာပေါ့"

"ဟင့်အင်း"

လရောင်လေးသည် မာန့်အား ပိုမို တင်းကျပ်စွာ ဖက်ထား လေတော့သည်။ ပိုင်သည် သက်ပြင်းချကာ လရောင်လေးအား ဖက်လိုက်ပြီး နောက် အိပ်မော ကျနေသော မာန်နှင့် သူ့ပါးပါးအား ဖက်ထားသော လရောင်လေးအား ကြည့်နေကာ မျက်ရည်များပင် ဝဲလာ ခဲ့လေသည်။

မာန်သည် ပိုင်လရောင်အား ချီကာ ပြန်ဝင်လာသည့် အချိန်ထိတိုင် အိပ်မပျော်သေးပေ။ ထို့နောက် ပိုင်က လရောင်လေးအား ခုတင်ပေါ် တင်လိုက်သည်ကိုလည်း မာန် သိလေသည်။ သို့သော် သိပ်မကြာမီပင် လက်သေးသေးလေးသည် မာန်၏ခါးပေါ်သို့ ရောက်လာလေသည်။ ပထမတွင် မာန်သည် လှည့်ကြည့်ရန် ပြင်လိုက်သော်လည်း ပိုင်သည် လရောင်လေးဆီ လာကာ လက်ဖယ်ခိုင်း နေခြင်းကြောင့် တစ်ကြောင်း။ လရောင်လေး၏ လက်ကလေးလေး မာန်ဆီ ရောက်လာချိန်တွင် ပြောင်းလဲသွားသော ခံစားချက်နှင့်အတူ ကြည်နူးမှုကြောင့် တစ်ကြောင်း မာန်သည် အိပ်နေသည့် ပုံစံသာ နေခဲ့လေသည်။ ထိုနောက် မာန်သည် မကြာမီပင် ပြောင်းလဲသွားမည့် အခြေအနေများနှင့် ရှေ့ဆက်ရမည့် လမ်းတို့အား မာန်မတွေးရဲခဲ့။ အပြင်ပန်းတွင် ခက်ထန်နေသော မာန်၏ အတွင်းစိတ်တွင် လောင်မြိုက်နေသော ပူလောင်ခြင်းတို့သည် လျှံထွက်လာကာ လက်တွေ့တွင် မျက်ရည် စီးကြောင်းမှ မျက်ရည်လေး တစက်သည် အိပ်ရာပေါ်သို့ ကျဆင်း သွားလေသည်။

"တောင်းပန်ပါတယ် ပိုင်။ တောင်းပန်ပါတယ် ပိုင်ရာ။ ပိုင်တို့လည်း ပြန်ထွက်သွားမှာလည်း ကိုယ်ကြောက်တယ် ပိုင်။ ပုလဲကိုလည်း မသေချာတဲ့ ကလေး တစ်ယောက်ကြောင့် ကိုယ်တာဝန် မယူလို့ မရဘူး ပိုင်ရာ။ ကိုယ် ဘာလုပ်ရမလဲပိုင်။ ကိုယ် ဘာလုပ်သင့်လဲ။ ကိုယ် ပိုင် နဲ့ ကိုယ့်သား မဟုတ်တဲ့ လရောင်ကိုတောင် မခွဲနိုင်ဘူးပိုင်။ ကိုယ်ဘယ်လို ဆက်ဆုံးဖြတ်ရမလဲ။

ကိုယ် တောင်းပန်ပါတယ် နော် ကိုယ်တကယ် တောင်းပန်ပါတယ်။ ကိုယ်က ပုလဲကိုယ့်မှ ရမယ့် အခြေအနေ တစ်ခုလည်း ရှိနေတယ်ပိုင်"

မာန်သည် ကျဆင်းနေသော မျက်ရည်များအား သုတ်ကာ ပိုင်ဘက်သို့ ဖြည်းညင်းစွာ လှည့်ကြည့် လာလိုက်သည့် အချိန်တွင် ပိုင်သည် လရောင်လေးအား ဖက်ကာ အေးချမ်းစွာ အိပ်ပျော် နေလေသည်။ မာန်သည် သူ့အား ဖက်ထားသော လရောင်လေး၏ လက်အား မဖယ်ပဲ ပိုင်တို့ဘက်သို့ ဖြည်းညင်းစွာ လှည့်ကာ အေးချမ်းစွာ အိပ်မောကြနေသော သားအဖနှစ်ယောက်အား ငေးကြည့် နေခဲ့လေသည်။ ထိုညသည် မိုးလင်းသွားသည့်တိုင် မာန် အိပ်ပျော်ခြင်း မရှိခဲ့ပေ။

***

"ဖေဖေ သား သယ်ပေးမယ်လေ"

"ကဲပါ ဖေဖေသား လရောင်လေးက ကဲဒီမှာထိုင်"

ပိုင်သည် ဗီဒိုထဲရှိ ပိုင့် အဝတ်များအား ထုတ်နေရင်းပင် လရောင်လေးအား ခုတင်ပေါ်တွင် ထိုင်နေစေခဲ့သည်။

"ဖေဖေ ကလည်း သား နေကောင်း သွားပါပြီ"

"ကဲဒါဆို ရော့ ဖေဖေ အင်္ကျီ နှစ်ထည်ကို သားဘေးခန်းထဲ သွားထားပေးဟုတ်ပြီလား။ ဖြေးဖြေးဆင်းနော် လှေကားမှာ ချော်လဲမယ်နော်"

"ဟုတ် ဖေဖေ" ဟု ဆိုကာ သားက ပိုင်ပေးလိုက်သော အင်္ကျီလေး နှစ်ထည်အားယူကာ ပိုင်တို့ ခုတင်ပေါ်တွင် ထိုင်နေရင်းမှ ဆင်းကာ အခန်းတံခါးအား ဖွင့်ပြီးနောက် အောက်ထပ်သို့ ဆင်းသွား လေသည်။ ထို့အခါမှ ပိုင်သည် အခန်းတံခါးအား ချက်ချကာ ကြမ်းပြင်တွင် ထိုင်ချလိုက်ရင်းဖြင့် သားရှေ့ ထိန်းထားသော မျက်ရည်များအား လွတ်လပ်စွာ ကျဆင်းခွင့် ပြု

လိုက်လေတော့သည်။

မကြာမီပင် အချိန်တွင် မာန်၏ သွေးသားအား လွယ်ထားသော မိန်းကလေးသည် ဒီအိမ် ဒီအခန်းတွင် ရောက်လာတော့မည် ဖြစ်သည်။ သားနှင့်ပိုင် ပြန်ရောက်စဉ် အချိန်မှ စ၍ မာန်နှင့်သာ အတူနေခဲ့သော ဒီ အခန်းတွင် တခြားတစ်ယောက် အား ပေးလိုက်ရတော့မည်။ ကိုယ် တရားဝင် ယူထားသော ယောက်ျား က တစ်ခြား မိန်းကလေးအား ခေါ်လာ ကာ တစ်အိမ်ထဲ အတူ နေရပေမည်။ မယားငယ် ထားလျှင် အပြင်မှာသာ ဖောက်ပြန်သောကြောင့် အနည်းငယ် သက်သာရပေမည်။ သို့သော် ယခု အခါ ထိုမိန်းကလေးအား မာန်က တရားဝင် လက်မှတ်ထိုးကာ ယူမည် ဖြစ်သည်။ သူ့တို့ မင်္ဂလာဦး အခန်းအား လင်ကြီးဖြစ်သော ကိုယ်က ပြင်ဆင် ပေးရဦးမည်။ အပက် လောကကြီးက ရယ်ဖို့တော့ ကောင်းသား ပဲ။ ပိုင် ထိုမိန်းကလေးကိုပင် အပြစ်မတင်ချင်ပေ။ မာန်က ပိုင်အား ယူထား ကြောင်း၊ မာန့်မှာ လက်ထပ်ထားသောလူ ရှိကြောင်း မာန်သည် ဖွင့်ပြော မည့်လူ မဟုတ်ပေ။ ဖွင့်ပြောခဲ့ရင်တောင် ပိုင်သည် ယောက်ျားလေး ဖြစ် နေ၍ ထိုမိန်းကလေးက မယုံသည်မှာ မဆန်းကြယ်ပေ။ သို့သော် မာန့်ကို လည်း ပိုင်အပြစ် မတင်ချင်ပေ။ မာန်ဘက်က ကြည့်သည်လည်း မှန်ကန် နေပေသည်။ နှစ်ရှည်လများ မချစ်မနှစ်သက်သော၊ ညီမနဲ့ ရည်ရွယ်သူအား သတ်ခဲ့သောသူနဲ့ ပေါင်းသင်း နေရသည်မှာ ငြီးငွေ့နေလိမ့်မည်။ လူသား တို့၏ သဘာဝ သွေးသားဆန္ဒ ဖြစ်ပေါ်လာခဲ့ရင်တောင် ပိုင့်ကို မထိခဲ့ခြင်း ကြောင့်၊ ပိုင်က သာယာမှု မပေးနိုင်ခြင်းကြောင့် မာန်က တခြား မိန်းကလေးပေါ်မှာ သာယာသွားသည် မှာတော့ မာန့်အပြစ် မဟုတ်ပေ။ မာန်နှင့် မာန့်မေမေ သာသိခဲ့သော ပိုင်တို့၏လက်ထပ်မှုဆိုသည်မှာ စာချုပ် ပေါ်တွင်ထိုးခဲ့သော လက်မှတ်တစ်ချက်သာ ဖြစ်ပေမည်။

ပိုင်သည် ကျဆင်းနေသော မျက်ရည်များအား ဖြည်းညင်းစွာ သုတ်လိုက်ပြီးနောက် ဆို့နင့်ကာ တင်းကျပ်နေသော ရင်ဘတ်အား လက်သီးဆုတ်ဖြင့် အနည်းငယ် ထုလိုက်ကာ အနည်းငယ် သက်သာသွားသည့် အချိန်မှ ထိုင်နေရာမှ ထ၍ သိမ်းစရာရှိသော ပိုင့် ပစ္စည်း များအား သိမ်းလိုက် လေတော့သည်။ ထို့နောက် ညက ပိုင်တို့ အိပ်ထားသော အိပ်ရာခင်းအား ဆွဲဖယ်လိုက်ကာ မာန့်အကြိုက် ခဲရောင် အိပ်ရာခင်းအသစ်နှင့် ခေါင်းဦး၊ စောင်အား လဲပေးပြီးချိန်တွင် အမှတ်မရှိသော မျက်ရည်တို့သည် ထပ်မံ ကျဆင်းလာလေသည်။ ပိုင်သည် ကျဆင်းနေသော မျက်ရည်အား ထပ်သုတ်လိုက်ရင်းပင် ခေါင်းမော့ကာ တစ်ချက် ရှိုက်လိုက်လေသည်။ ထို့နောက် ပိုင်ပြင်ပေးထားသော အိပ်ရာနှင့် အခန်းအား သေချာ ပြန်ကြည့်ကာ တစ်ချက်ပြုံးလိုက်လေတော့သည်။

ထို့နောက် ရေချိုးခန်းထဲရှိ သွားတိုက်တံများအား ယူလိုက်ကာ အသစ်ကလေး နှစ်ခုအား တင်ထား ပေးလိုက်လေသည်။ ထို့နောက် သဘတ်မှ အစ အစစအရာရာ ပစ္စည်း များအား အသစ်ဖြင့် လဲပေးခဲ့လိုက်ကာ တစ်ချက်ပြုံးကာ ကြည့်လိုက်ပြီးနောက် ရေချိုးခန်းတံခါးအား ပိတ်ကာ အခန်းထဲမှ ပြန်ထွက် လာခဲ့လိုက်လေသည်။ ထို့နောက် ပိုင်ပစ္စည်းများ အားလုံးကို ယူကာ အခန်းအပြင်တွင် ခဏထားကာ အခန်းတံခါးအဝတွင် ဖဲကြိုးများဖြင့် ပြုလုပ်ထားသော ပန်းပွင့်အနီ တစ်ခုအား ချိတ်ထားပေးခဲ့ကာ ဘေးတွင် ချထားသော ပိုင့်ပစ္စည်းများအား ပြန်လည် ကောက်ယူကာ အောက်ထပ်သို့ ဆင်းလာချိန်တွင် ညနေပင် စောင်းနေပြီဖြစ်သည်။

အောက်ထပ် လှေကားထိပ်တွင် ကြီးကြီးက မျက်နှာ မကောင်းစွာ ပိုင့်အား ရပ်စောင့် နေလေသည်။ ပိုင်သည် ကြီးကြီးအား ပြုံးပြကာ သားအား လှမ်းကြည့်လိုက်သည့် အချိန်တွင် သားက သူ့အခန်းထဲတွင် အရပ်ကလေး

များအား ဆော့နေလေသည်။ ပိုင်သည် ကြီးကြီးအား ပြန်ပြုံးပြကာ ကြီးကြီးနှင့် သားအခန်း၏ အလယ်ရှိ အခန်းလွတ် တစ်ခုထဲအား ဝင်လာ ခဲ့လိုက်လေသည်။ ထိုအခန်းသည် သာမန်အခန်း အရွယ်သာ ရှိလေသည်။ ထိုအခန်းထဲတွင် တစ်ယောက်အိပ် ခုတင်တစ်လုံး၊ စားပွဲတစ်ခုနှင့် ခုတင်ခြေရင်းတွင် ဗီဒို တစ်လုံးသာ ရှိလေသည်။ ပိုင်သည် တံခါးအား ခန္ဓာကိုယ်ဖြင့် အနည်းငယ်တွန်းကာ ဝင်လာချိန်တွင် ပိုင်အစောက သားအားပေးလိုက်သော အင်္ကျီလေး နှစ်စုံသည် ခေါက်လျက်သား ခုတင်ပေါ်တွင် ရှိနေလေသည်။

ပိုင်သည် သယ်လာသည်များကို ခုတင်ပေါ်တွင် ခေတ္တချကာ ပစ္စည်းများအား စီနေချိန်တွင် သားက အရုပ်ကလေးကိုင်ကာ ပိုင့်အခန်းထဲသို့ ဝင်လာချိန်တွင် ပိုင်က ခုတင်ပေါ်တွင် ထိုင်ကာ အဝတ်များအား ပြန်ခေါက် နေလေသည်။

"ဖေဖေ ဖေဖေကဘာလို့ ဒီအခန်းကို ပစ္စည်းတွေ သယ်လာရတာလဲဟင်".

ပိုင်သည် ခုတင်ပေါ်တွင် ထိုင်ကာ အဝတ်ခေါက်နေစဉ် သားက ပိုင်၏ပေါင်ပေါ်တွင် လာထိုင်ကာ လက်ထဲရှိ အရုပ်ကလေးအား ဆော့နေရင်းပင် ပိုင့်အား ပြန်မော့ ကြည့်ကာ မေးလေသည်။ ပိုင်သည် ခေါက်လက်စ အဝတ်အား ဘေးချလိုက်ကာ ပေါင်ပေါ်ရှိ သားအား ရင်ခွင်ထဲသို့ ဆွဲထည့် လိုက်လေသည်။ ထို့နောက် သားခေါင်း လုံးလုံးလေးပေါ်တွင် ပိုင်၏ပါးပြင်အား အပ်လိုက်လေသည်။

"သားပါးပါး အခန်းမှာ ဖေဖေ ပစ္စည်း တွေများနေလို့ ဒီမှာ ခဏ လာထားတာသားရ ..."

ပိုင်သည် သားအား ပြောလိုက်ရင်းပင် ဆို့တက်လာကာ မျက်ရည်များ ဝဲတက်လာခြင်းကြောင့် ပိုင်၏ စကားတို့သည် အဆုံးမသတ်ကာ အနည်းငယ်

တုန်ခါ သွားလေသည်။ သားက ပိုင်၏ အသံကြောင့် အပေါ် မော့ကြည့်ရန် ပြင်လိုက်သော်လည်း ပိုင်သည် သားအား ပိုမိုတင်းကျပ်စွာ ပွေ့ဖက်လိုက်ပြီး နောက် သားခေါင်းလေးအား ပါးပြင်ဖြင့် ပိုမို ဖိကပ် ထားလိုက်တော့သည်။ အတန်ငယ်ကြာသော် သားက

"ဖေဖေ သား သီးသီးစားမယ်"

သား အသံကြားမှ ပိုင်သည် အသိ ပြန်ဝင်လာကာ မျက်ရည်အား သုတ် လိုက်လေသည်။

"လာထ ဖေဖေ ပန်းသီး စိပ်ပေးမယ် ထ ထ"

"ဟုတ်" ဆိုကာ သားက ပိုင်ပေါင်ပေါ်မှ ဆင်းကာ ပိုင့်လက်အား ဆွဲခေါ် လေသည်။ ပိုင်သည် သား၏ ဆွဲခေါ်မှုကြောင့် ခုတင်ပေါ်မှ ဆင်းကာ အခန်း အပြင်သို့ ထွက်လာခဲ့ကာ သားနှင့်အတူ မီးဖိုခန်းထဲသို့ ဝင်လာ ခဲ့လိုက်လေ သည်။

မီးဖိုခန်းထဲတွင် သားက အသီးများ ယူပေးသောကြောင့် ပိုင်က အသီးများ အား ဆေးနေလေသည်။ ပိုင်သည် သားအား လက်သုတ်ပေးပြီးနောက် ထမင်းစားပွဲရှိ ခုံတွင်သာ ထိုင်စေခဲ့သည်။

"သား ထိုင်ဦးဖေဖေ အခွံ ခွာပေးမယ်နော်"

"ဟုတ်ဖေဖေ" ဟုဆိုကာ သားက ပိုင်လုပ်သမျှကို လိုက်ကြည့်နေကာ ပန်းသီး အခွံများအား ဆော့နေ လေတော့သည်။

တီ တီ တီ

အိမ်ရှေ့အပေါက်ဝမှ ကားဟွန်းသံကြား၍ အိမ်ရှေ့သို့ပိုင် လှမ်းကြည့် လိုက်ချိန်တွင် ကားအဖြူလေးသည် ခြံထဲသို့ မောင်းဝင် လာခဲ့လေသည်။ ထို ကား အဖြူလေးနောက်တွင် ကားအနက်ရောင် နှစ်စီးပင် လိုက်ပါလာကာ

မောင်းဝင် လာခဲ့လေသည်။ ကြီးကြီးသည် ကားသံကြောင့် အပြင်ထွက်ကာ ရပ်စောင့်နေစဉ် ကားအဖြူလေးသည် အိမ်ရှေ့သို့ ထိုးရပ် လာခဲ့လေသည်။ ထိုကားသည် မာန်စီးနေကျ ကားမဟုတ်ပေ။ ပိုင်သည် အပြင်သို့ မထွက်ပဲ သားအား ပန်းသီးခွာပေးနေရင်းပင် အပြင်အား လှမ်းကြည့် လိုက်လေသည်။ ထိုကားအဖြူပေါ်မှ မာန်သည် အနောက်တိုင်း ဝတ်စုံဝတ်ထားကာ ရင်ဘတ်တွင် ပန်းထိုးထားလျက်ပင် ကားပေါ် မှာဆင်းလာကာ မာန်နှင့် ဆန့်ကျင်ဘက် တံခါးမှ အနောက်တိုင်းဂါဝန် အနီလေးအား ဝတ်ဆင်ထားသော မိန်းကလေးငယ်လေးသည် ဆံပင်အား ခပ်မြင့်မြင့် ထုံးထားကာ ကျော့ရှင်းသော လည်တိုင်တွင် စိန်ဆွဲကြိုး တစ်ကုံးအား ဝတ်ထားလေသည်။ ထို့နောက် ထိုမိန်းကလေးသည် မာန့်ဆီသွားကာ မာန့်လက်အား တွဲလိုက်ချိန်တွင် ပိုင်သည် ချက်ချင်းပင် အကြည့် လွှဲလိုက် ရလေသည်။

ထို့နောက် မာန်တို့၏ ကားနောက်မှာ ကားနှစ်စီးမှ နှစ်ဖက် မိဘများနှင့် ပုလဲ၏ အပေါင်းအသင်းများ ဆင်းလာကာ အိမ်အဝတွင် ရွှေကြိုး ငွေကြိုး များ တားကြလေသည်။ ထိုအလေ့သည် မင်္ဂလာဦး ဇနီးမောင်နှံအား တားထားကာ ပိုက်ဆံပေးမှ အထဲသို့ ဝင်ခိုင်းခြင်းပင် ဖြစ်သည်။

မနက်ထဲက ကြီးကြီး ပြင်ဆင်ပေးထားသော ဧည့်ခန်းထဲသို့ အသစ်စက်စက် သတိုးသားနှင့် သတိုးသမီးများသည် လက်ချင်းတွဲကာ ဝင်လာ ခဲ့ကြသည်။ သူတို့၏ နောက်တွင် နှစ်ဖက် မိဘများ ဝင်လာခဲ့ကြကာ ဧည့်ခန်းတွင် ဝင်ထိုင်ကြလေသည်။

"အာ့"

ပန်းသီးစိပ်နေသော ပိုင်သည် ရှေ့ရှိ မြင်ကွင်းကြောင့် စိတ်ကယောင် ခြောက်ခြား ဖြစ်နေကာ ပန်းသီး လှီးနေသော ဓားသည်ပင် ချော်ကာ လက်အား ရှမိလေသည်။

"ဖေဖေ သွေး ... သွေးတွေ"

သားက ပိုင့်လက်က သွေးထွက်လာသည်ကို မြင်သည့်အခါတွင် အလန့်တကြား ထအော်ကာ ခုံပေါ်တွင် ထိုင်နေရမှ ဆင်းကာ ပိုင့်လက်အား လာကိုင် လေသည်။

"ရတယ် သား ဖေဖေ ဘာမှ မဖြစ်ဘူး ရတယ်။ ရတယ် ဖေဖေက သား အိပ်ချင်နေမှာ စိုးလို့ မျက်လုံးကျယ်အောင် လုပ်လိုက်တာ ဟုတ်ပြီလား"

သားက မျက်နှာပျက်နေကာ မျက်ရည်ဝဲနေသော မျက်လုံး ဝိုင်းဝိုင်းလေး များဖြင့် ကြည့်နေသောကြောင့် သားအား ပြန်ချော့ရကာ သားပါးဖောင်း ဖောင်းကြီးအား တစ်ချက် နမ်းရှိုက်ကာ သားအား ကောက်ချီ လိုက်ရသည်။

"ဒီမှာ သားရဲ့ ဖေဖေ ပြမယ်။ ဟော ဒီ နာနာကို ခုလိုရေနဲ့ ဆေးလိုက်တော့ မရှိတော့ဘူး တွေ့လားသား"

သားက ပိုင်၏အနာကိုသာ ကြည့်နေလေသည်။

"သား ဖေဖေ ကိုကြည့် ဖေဖေ ဘာမှ မဖြစ်ဘူးလေ ဟုတ်ပြီလား။"

ထိုအခါ မှ သားက ပိုင်အား ပြန်ကြည့်လာကာ ပြန်ပြုံး လာခဲ့လေသည်။ ထိုအခါမှ ပိုင်သည် လက်ဆေးနေသော ရေပိုက်အား ပိတ်ကာ စားပွဲသို့ သားအား ချီလျက်ပင် ပြန်လာခဲ့လေသည်။ ထို့နောက် ပန်းသီးစိပ်အား သား အား ခွန့်ကျွေးနေချိန်တွင် လူတစ်ယောက် ထမင်းစားခန်းထဲဝင် လာသော ခြေသံကြောင့် ပိုင်သည် နောက်လှည့်ကာ ကြည့်လိုက် မိလေသည်။ ပိုင် လှည့်ကြည့်လိုက်ချိန်တွင် သားကပါ လိုက်၍ လှည့်ကြည့်လေသည်။

***

## အပိုင်း (၃)

"အန်တီ နန်းနွယ်"

နန်းနွယ်သည် လက်ပိုက်ကာ ထမင်းစားခန်းထဲသို့ တစ်လှမ်းချင်း ဝင်လာလေသည်။ ပိုင်သည် နန်းနွယ် ဝင်လာသည့် အချိန်တွင် သားအား ပိုင့်နောက်ဘက်သို့ ဆွဲခေါ်လိုက်လေသည်။

"မတွေ့ရတာ ကြာပြီနော် သူရပိုင်"

နန်းနွယ်သည် ပိုင်ရှေ့တွင်ရပ်ကာ လက်ပိုက်လျက်ပင် ပိုင့်အား ကြည့်နေလေသည်။

"ဒီနေ့ တော်တော်မှ ပျော်နေရဲ့လား"

"..."

"ဟူး အခုမှပဲ စိတ်အေးရတော့တယ် သားမာန်လည်း သူချစ်တဲ့လူကို ယူသွားပြီပဲလေ။ အော် ဒါနဲ့ ကော်ဖီ ၁၀ ခွက်လောက်ဖျော်ပြီး ဧည့်ခန်းထဲ လာပို့ပေးဖို့ လာပြောတာ။ သနားဖို့ ကောင်းလိုက်တာ"

"...."

ထို့နောက် နန်းနွယ် သည် ထမင်းစားခန်းထဲမှ လက်ပိုက်လျက်ပင် ပြန်ထွက် သွားလေသည်။ ပိုင်သည် သက်ပြင်းချလိုက်ကာ သားအား ကြည့်လိုက်ချိန်တွင် သားက ပိုင့်အား ပြန်ကြည့်နေလေသည်။ ပိုင်သည် သားခေါင်းလေးအား ပွတ်ပေးကာ ပြုံးပြ လိုက်ပြီးနောက် ကော်ဖီဖျော်ပေးရန် ရေခဲ သေတ္တာထဲမှ ကော်ဖီထုတ်အား ယူလိုက်လေသည်။ ထို့နောက် လိုအပ်

သော ရေနွေးပမာဏအား ထပ်ကြိုကာ ကော်ဖီထုတ်ကလေးများအား ပန်းကန် လုံးလေးများထဲသို့ ဖောက်ထည့် နေလေသသည်။ ပိုင်သည် သား အား ကြည့်လိုက်ချိန်တွင် သားက ပိုင်အခွံ ခွာပေးထားသော ပန်းသီးစိပ် လေးများအား ယူကာ စားနေလေသည်။ ပိုင်သည် ကော်ဖီပွဲများ ပြင်ပြီးချိန် တွင် လင်ဗန်းတစ်ချပ်ထဲသို့ ငါးခွက်ဆီ အရင်ထည့်ကာ မလိုက်ချိန်တွင် သားက ပိုင်ဘေး ရောက်လာကာ

"ဖေဖေ သား သယ်ပေးမယ်လေ"

ပိုင်သည် ဗန်းအား ကိုင်ထားလျက်ပင်

"အမလေး မလုပ်ပါနဲ့ သားရာ။ အပူလောင်ရင် ဖေဖေ ရင်ကြိုးရချည်ရဲ့"

သားသည် ပိုင့်အား ထပ်မပြောတော့ပဲ ပိုင်၏အင်္ကျီစအား လာဆွဲလေ သည်။

"သား ခဏကျန်ခဲ့လေ။ ဖေဖေ ဒါပို့ပြီး ပြန်လာမှာ"

"ဟင့်အင်း ဖေဖေ့ကို စိတ်မချဘူး။ခုန အန်တီကြီးကို သားသား မကြိုက် ဘူး"

ပိုင်သည် သက်ပြင်းချကာ ဗန်းအား ကိုင်လျက်ပင် ဧည့်ခန်းဆီသို့ ဦးတည် လာခဲ့လေသည်။ သားက ပိုင်အင်္ကျီစအား ကိုင်လျက်ပင် လိုက်လာလေ သည်။ ပိုင်သည် ဧည့်ခန်းအဝတွင် အထဲသို့ ချက်ချင်းမဝင်ပဲ အခန်းထဲသို့ ကြည့်လိုက်ချိန်တွင် ခေါင်းရင်းဖက် ဆိုဖာတွင် နှစ်ဖက်မိဘ များထိုင် နေကာ မျက်နှာချင်းဆိုင်တွင် မာန်နှင့် ပုလဲ တို့က ထိုင်နေ ကြလေသည်။ အိမ်ရှေ့ဘက်သို့ မျက်နှာလှည့်ထားသော ဆိုဖာတွင် ပုလဲ၏ သူငယ်ချင်း များသည် ထိုင်နေလေသည်။ မာန်တို့နှစ်ယောက်၏ ရှေ့တွင် "ထိမ်းမြား မင်္ဂလာ ကတိသစ္စာပြုလွှာ" ဟူသော ခေါင်းစီးလေးနှင့် ရွှေရောင် စာအုပ်

လေး နှစ်အုပ်သည် သေသပ် ကျနစွာ ရှိနေလေသည်။

ပိုင်သည် အကြည့်လွှဲကာ တုန်ယင်နေသော ခြေထောက်နှင့် ဝဲတက်လာသော မျက်ရည်အား မကျဆင်းစေရန် နှုတ်ခမ်းကိုသာ တင်းတင်းကိုက်ကာ ဝင်လာခဲ့ လိုက်လေသည်။ သားကတော့ အခန်းဝ၌သာ ရပ်၍ ကျန်ခဲ့လေသည်။ ပိုင်ဝင်လာသည့် အချိန်တွင် မာန်သည် ပိုင့်အား မော့ကြည့်လေသည်။ ပိုင် ပြန်မကြည့်သော်လည်း မျက်လုံးထောင့်ရှိ ပုံရိပ်ကြောင့် ပိုင့်အား မာန်လိုက်ကြည့်နေမှန်း သိနေလေသည်။ ပိုင်သည် ပထမဦးစွာ ပုလဲ၏ မိဘနှစ်ပါးနှင့် နန်းနွယ်အား ဦးစွာ ကော်ဖီ ချပေးလိုက်လေသည်။ ထို့နောက်တွင် မာန်တို့ဘက် ပြန်လာကာ ပုလဲအား ဦးစွာ ချပေး လိုက်လေသည်။ နောက်ဆုံး လက်ကျန် ကော်ဖီခွက်အား မာန်ရှေ့သို့ ချပေးလိုက်ချိန်တွင် တုန်ယင်နေသော လက်သည် ထိန်းချုပ် ထားမှုကိုလွန်ကာ သိသိသာသာပင် မှုပျက် နေလေသည်။ ပိုင်သည် ကော်ဖီပန်းကန်အား ချပေးကာ မာန်အား တစ်ချက် ပြန်မော့ကြည့်လိုက်ချိန်တွင် မာန်သည် ပိုင်အား ကြည့်နေရင်းမှ မျက်နှာ လွှဲသွားလေသည်။ မာန်သည် သိသိသာသာပင် မျက်နှာပျက်နေလေသည်။ ပိုင် ကော်ဖီ ပန်းကန်များအားချပေးကာ အခန်းထဲမှ ပြန်ထွက်ချိန်တွင် ...

"သား လွှမ်းမာန်ထည်ဝါ သူက ဘယ်သူလဲ။ ဟိုတံခါးနားက ကလေးလေး ကရော ဘယ်သူလဲ။ ကြည့်ပါဦး ကလေးလေးက ချစ်ဖို့ကောင်းလိုက်တာ"

ပိုင်သည် ပုလဲမာမီ၏ အမေးကြောင့် ခြေလှမ်းတို့သည် ရပ်တန့် သွားလေတော့သည်။ ပုလဲနှင့် မာန်၏ မျက်နှာတို့သည်ပင် ပျက်သွားလေသည်။

"သူက ကျွန်တော့် ..."

"သားမာန်၏ ညီဝမ်းကွဲ။ သူ့အဖေ ဘက်ကလေ"

မာန်သည် အမှန်ကို ဖွင့်ပြောရန် စကားပင် မဆုံးခင် နန်းနွယ်မှ ကြားဝင်

ဖြတ်ပြောလေသည်။

"အော် တွေ့ရတာ ဝမ်းသာပါတယ် ကလေးရေ"

ပိုင်သည် ပုလဲ အမေ၏ စကားကြောင့် ပုလဲအမေကိုသာ လှည့်ကာ ပြုံးပြလိုက်လေသည်။ နန်းနွယ်အကြောင်း ပိုင်သိနေ၍ အရေးမစိုက်ကာ မကြားချင်ယောင်ပင် ဆောင်ကာ အခန်းပြင်သို့ သားနှင့်အတူ ပြန်ထွက် လာခဲ့လေသည်။ ထို့နောက် သားအခန်းထဲအား သားနှင့်အတူ ဝင်လာ ခဲ့လေသည်။ သားအခန်းထဲတွင် သားက ကြမ်းပြင်ပေါ်တွင် ထိုင်ချကာ သူ့အရုပ်လေးများအား ဆက်နေလေသည်။ ပိုင်သည် သားရေချိုးခန်းထဲ ဝင်ကာ ဂျက်ချလိုက်ပြီးနောက် ရင်ထဲရှိ စုပြုံကာ လောင်မြိုက်နေသော အရာအားမျက်ရည်များအဖြစ် ပေါက်ကွဲ ထုတ်လိုက် လေတော့သည်။

အနည်းငယ် သက်သာသွားသည့် အချိန်မှ မျက်နှာပြန်သစ်ကာ သားဆီလာပြန် ထွက်လာချိန်တွင် ခြံထဲမှ ကားသံုးစီးသည် ပြန်ထွက်သွား လေတော့သည်။

"ဖေဖေ ဒီမှာ ထိုင် သားပြမယ်"

ပိုင်သည် သားအသံကြောင့် ရေချိုးခန်းမှ ထွက်လာချိန်တွင် သားဘေး၌ဝင်ထိုင်ကာ သားဆောက်ထားသော အရုပ်အိမ်လေးအား ကြည့်လိုက်လေသည်။

"ဖေဖေ့ သားသား ကတော်လိုက်တာ။ သားက အိမ်တွေဆောက်တော့ သားကြီးရင် အင်ဂျင်နီယာကြီး လုပ်မလို့လား"

သားက အရုပ် ဆက်နေရင်းပင်

"ဟင့်အင်း။ သားသားက ဆေးလိုက်ထိုးတဲ့ ဒေါက်တာကြီး လုပ်မှာ"

ပိုင်သည် သားစကားကြောင့် မဆီမဆိုင် မြတ်နိုးပြောခဲ့သော စကားများ

အား ကြားယောင် လာလေသည်။

"ဘာလို့လဲ"

"ဖေဖေ နေမကောင်းရင် သားက နေကောင်းအောင် ဆေးထိုး ပေးချင်လို့။ ခုသားသားကို ဖေဖေက ချစ်သလို့ သားသားကြီးတော့ ဖေဖေကို ခုထက် များကြီး ပိုချစ်မလို့ သားက အဲဒီလို ဒေါက်တာကြီး ဖြစ်မှ ဖေဖေ စားချင် တာတွေ ဖေဖေ အတွက် အင်္ကျီတွေ ဝယ်ပေးနိုင်မှာမလို့"

"သားရယ် ..."

ပိုင်သည် သားစကား နားထောင်နေရင်းပင် မျက်ရည်များ ဝဲတက်လာကာ ငုတ်တုတ်လေး ထိုင်နေသော သားအား ရင်ခွင်ထဲ ဆွဲထည့်ကာ တင်းကျပ်စွာ ပွေ့ဖက် ထားလိုက်တော့သည်။ သားက ပိုင့်ရင်ခွင်ထဲတွင် ထိုင်ကာ လက်ထဲ၌ ကိုင်ထားသော အရုပ်ကလေးအား ဆော့နေလေသည်။

"ဖေဖေ သား ရေချိုးချင်တယ်"

ပိုင်သည် သားအား အနည်းငယ်ခွာကာ ဝဲနေသော မျက်ရည်အား သုတ် လိုက်ပြီးနောက်

"သား ခုချိန် ရေချိုးလို့ မရတော့ဘူးလေ ညနေကလည်း ချိုးပြီးပြီးကို"

"ဖေဖေကလည်း သားအိုက်လို့ပါ။ ဖေဖေက ဟိုအေးအေးပေးတဲ့ စက်ကို ပိတ်ထားတယ်လေ"

သားပြောသည်မှာလည်း ဟုတ်လေသည်။ ပိုင်သည် သားနေမကောင်းထဲ က သားအခန်းထဲရှိ အဲယားကွန်းအား ပိတ်ထားခြင်း ဖြစ်သည်။

"ကဲထ ဖေဖေ ချိုးပေးမယ် မြန်မြန် ချိုးရမယ်နော်"

"ဟုတ်ဖေဖေ" ဟုဆိုကာ သားက ကိုင်ထားသော အရုပ်များအား ချပြီး နောက် ဝတ်ထားသော အဝတ်များအား ချွတ်ကာ ရေချိုးခန်းထဲသို့ မြန်မြန်

ဝင်သွားလေသည်။ ထိုအခါမှ ပိုင်သည် သားထားခဲ့သော အဝတ်များအား ကောက်ကာ လျှော်ရန်ခြင်းထဲသို့ ထည့်ကာ သားနောက်သို့ လိုက်လာ ခဲ့လေသည်။

ပိုင်သည် သားအား ရေချိုးပေးပြီးကာ ထမင်းကျွေးပြီးနောက် သားစားလေ့ရှိသော အသီးများထဲမှ သားစိတ်ကြိုက် တစ်ခုအား အခွံနွှာကာ ထမင်းစား စားပွဲတွင် အတူထိုင်ကာ ကျွေးနေလေသည်။ ထို့နောက် အိမ်ရှေ့မှ ကားဟွန်းတီးသံနှင့် အတူ ကားအဖြူလေးသည် ခြံဝန်းထဲဝင်လာကာ အိမ်ရှေ့တွင် ရပ်လေသည်။ထိုကားထဲမှ မာန်နှင့် ပုလဲတို့သည် ဝတ်လက်စ အင်္ကျီပင် မလဲရသေးကာ ကားပေါ်မှ ဆင်းလာပြီးနောက် မာန်သည်ရှေ့က အပေါ်သို့ တက်သွားလေသည်။ ထို့နောက် ပုလဲသည် နောက်က တက်သွားသောကြောင့် ပိုင်သည် အကြည့်လွှဲကာ  သားအား သွားတိုက်ပေးရန်သာ ပြင်လိုက်လေသည်။

"ဖေဖေ ပါးပါးနောက်က အဲဒီအစ်မက ဘယ်သူလဲ"

ပိုင်သည် ပခုံးပေါ်ရှိ သား သဘတ်လေးအား ယူလိုက်ကာ

"အာ သားပါးပါး ရဲ့အသိပေါ့"

"အော် ... ဒါနဲ့ ပါးပါးက ဖေဖေနဲ့ နဂိုကလို အတူမအိပ်ပဲ အဲဒီမမ နဲ့ဘာလို့ တစ်ခန်းထဲ နေမှာလဲ။ ဖေဖေက ဘာလို့ သားဘေးခန်းမှာ နေမှာလဲ"

ပိုင်သည် သားအား သွားတိုက်ပေးကာ သုတ်ပေးပြီးနောက် သားအား သိပ်ရန် သားအခန်းသို့ လျှောက်လာစဉ် သားက မေးလေသည်။

"ဖေဖေ ကသား ပါးပါး နဲ့ တစ်ခန်းထဲ အတူတူနေတာ ကြာပြီလေ။ ခုမမ က သားပါးပါးနဲ့ နေချင်လို့ ဆိုလိုဖေဖေ က ခဏဖယ်ပေးထားတာ၊ မမ လည်း နေချင်မှာပေါ့"

"အော်"

ပိုင်နှင့်သားတို့သည် သားအခန်းထဲ ပြန်ဝင်လာကာ ပိုင်သည် သားအရုပ်များအား သိမ်းနေလေသည်။ သားက ခုတင်ပေါ်တွင် ငုတ်တုပ်လေး ထိုင်နေလေသည်။

"ကဲ ဖေဖေ့ ကိုယ်တော်လေး ဒီနေ့ စကားတွေ သိပ်များနေတယ်ပေါ့။ ကဲ လာ အိပ်တော့"

လရောင်လေးသည် ပိုင့်စကားကြောင့် ပိုင့်အား ရယ်ပြကာ စောင်ကြားထဲသို့ တိုးဝင် သွားလေသည်။ ပိုင်သည် သားအရုပ်များအား သိမ်းပေးပြီးနောက် သားဘေးလာကာ သားအား စောင်သေချာ ခြုံပေးလိုက်ကာ သားနဖူးလေးအား နမ်းလိုက်ချိန်တွင် သားက မျက်စိ မှိတ်ထားလျက်ပင် ပြုံးနေလေသည်။

ထို့နောက် ပိုင်သည် သားဘေးတွင် ဝင်ထိုင်ကာ သား၏ ခေါင်းလေးအား ပွတ်ပေး နေလေသည်။ သိပ်မကြာခင်သားက မျက်တောင် ရှည်ရှည်ကော့ကော့လေး အောက်တွင် အေးချမ်းစွာ အိပ်မော ကျသွားလေသည်။ ထိုအခါမှ ပိုင်သည် သားပါးလေးအား နမ်းလိုက်ပြီးနောက် ညအိပ်မီးလေးသာ ဖွင့်ပေးခဲ့ကာ ကျန်သော မီးများအား ပိတ်ပေးလိုက်လေသည်။ ထို့နောက် သားအခန်းမှ ထွက်လာကာ ပိုင်အခန်းထဲ ဝင်မည့်အချိန်တွင် အပေါ်ထပ်အား လှမ်းကြည့် မိလိုက်သောကြောင့် မျက်ရည်စများပင် စို့စွတ် လာခဲ့လေသည်။ သို့သော် ပိုင်သည် မျက်တောင် ခတ်လိုက်ခြင်းဖြင့် မျက်ရည်များအား ပြန်ထိန်းလိုက်ကာ အခန်းထဲသို့သာ ဝင်လာ ခဲ့လိုက်လေသည်။ ထို့နောက် အခန်းထဲရှိ စင်ပေါ်မှ အိပ်ဆေးပုလင်းအား ယူကာ လက်ထဲသို့ စောင်းထည့်လိုက်ပြီးနောက် ပါးစပ်ထဲသို့ ထည့်ကာ စားပွဲပေါ်ရှိ ရေအား မော့သောက်လိုက်လေသည်။

ဒီညပိုင်အိပ်ပျော်ချင်သည်။ မည်သည့် အရာကိုမှ မတွေးတော့ပဲ မနာကျင်ပဲ ပိုင်အိပ်ပျော် ချင်နေပြီ ဖြစ်သည်။

***

"ကို ထပ်မသောက်ပါနဲ့တော့။"

မာန်သည် ခုတင်ဘေးရှိ ဆိုဖာတွင်ထိုင်ကာ အရက်အား တစ်ခွက်ပြီးတစ်ခွက် မော့နေလေသည်။ ခုတင်ပေါ်တွင် ထိုင်နေသော ပုလဲထံတွင်လည်း သူစိတ်မရှိခဲ့ပေ။ ထို့နောက် ပုလဲသည် ခုတင်ပေါ်မှ ဆင်းလာကာ မာန့်အားလာတားလေသည်။ သို့သော် အရက်ဖန်ခွက်အား လာတားသော ပုလဲ လက်ကိုပင် ဖယ်ထုတ်ကာ အရက်ကိုသာ ဆက်သောက် နေလေသည်။

"ကို တော်ပါတော့ ထပ်မသောက်ပါနဲ့တော့"

မာန်သည် ပုလဲအား စကားပြန်မပြောသလို အရက်ကိုသာ ဆက်သောက်နေလေသည်။ ထို့နောက် ပုလဲသည် မာန့်ဘေး ဝင်ထိုင်ကာ မာန့်အား ပွတ်သပ် နေလေသည်။

"နက်ဖြန် ကျရင်ကြီးကြီးကို ဘေးခန်းမှာ အခန်း ပြင်ခိုင်းလိုက်မယ်။အဲဒီမှာ ပြောင်းနေလိုက်ပါ"

"ဘာလို့လဲ ကို ဒီအခန်းက အဆင်ပြေတယ်လေ"

မာန်သည် အရက်ခွက်အားကိုင်ကာ နောက်တစ်ခွက် မော့လိုက်လေသည်။

"ဒီအခန်းက ပိုင့်ရဲ့အခန်းဖြစ်နေလို့"

"..."

"ကို့ ပုလဲက ကိုနဲ့ တရားဝင် လက်ထပ်ထားတဲ့ လူနော်"

"ပိုင်ရောပဲလေ"

"..."

ပုလဲသည် ပျက်ယွင်းနေသော မျက်နှာအား ချက်ချင်း ပြန်ပြင်လိုက်ကာ ...

"ကို ပုလဲတို့ရဲ့ မင်္ဂလာဦးညလေ သောက်ပဲ သောက်နေတော့မှာလား။ လာပါ ပုလဲ ပြုစု ပေးမှာပေ့ါ"

ပုလဲသည် မာန့်အား ပွတ်သပ်နေရင်းပင် မာန်၏ အင်္ကျီကြယ်သီးအား ရန်စ လာလေသည်။ ထို့နောက် အပေါ်ဆုံးရှိ အင်္ကျီကြယ်သီးလေး ပြုတ်သွားချိန်တွင် မာန်သည် ပုလဲအား ဘေးတွန်းခဲ့ကာ သောက်လက်စ အရက်ခွက်ကို ကိုင်ကာ အခန်းထဲမှ ထွက်လာ ခဲ့လိုက်လေသည်။ ထို့နောက် လှေကားမှ ဖြည်းညင်းစွာ ဆင်းလာကာ အောက်ထပ်တွင် ပိုင့်၏အရိပ်အယောင်ပင် မတွေ့ရပေ။ထို့ကြောင့် မာန်သည် ဖန်ခွက်အား တင်ထားခဲ့ပြီးနောက် လရောင်လေး အခန်းတံခါးအား အနည်းငယ်ဟကာ ကြည့်လိုက်ချိန်တွင် လရောင်လေး တစ်ယောက်သာ အရုပ်တွေကြားထဲ၌ အိပ်ပျော် နေလေသည်။ ထိုကြောင့် မာန်သည် အနည်းငယ် ယိုင်နေသော ခန္ဓာကိုယ်ဖြင့် လရောင်လေး၏ ဘေးခန်းသို့ ဝင်လာချိန်တွင် ပိုင်သည် တစ်ယောက် အိပ်ခုတင်ပေါ်တွင် ကျောပေးကာ အိပ်ပျော်နေလေသည်။

မာန်သည် ဖြည်းညင်းစွာ ပိုင့်အခန်းထဲ လျှောက်လာကာ တံခါးအား လော့ချ ခဲ့လိုက်ကာ တံခါးအား မှီပြီးနောက်ထိုင် ချလိုက်ကာ အိပ်ပျော်နေသော ပိုင်အား ကြည့်နေလေသည်။

ဟုတ်တယ်။ မာန်က ရက်စက်တယ်။ အတ္တတွေကြားမှာ နစ်မွန်းနေတာ။ မိဘမေတ္တာ လည်း ငတ်မွန်းခဲ့သည်။ ကိုယ့်အသက်တမျှ ချစ်ရတဲ့ ညီမလေးကလည်း ဆိုးဝါးသော သေခြင်းနဲ့ သေခဲ့ရပြီးပြီ။ လူငယ်သဘာဝ လွတ်လပ်ချင်သည်။ ဝါသနာပါရာတွေ လုပ်ချင်ခဲ့သော်လည်း ဖေဖေ့စီးပွားရေး၊ မိသားစု စီးပွားရေး ဟူသော မေမေ့ နှုတ်ထွက် ခေါင်းစဉ်အောက်တွင်

မာန်သည် အရာရာ ဆုံးရှုံးခဲ့ရသည်။ မေမေ၏ ကြိုးကိုင်ရာ လိုက်က ပေးခဲ့ရသည်။ ငယ်ငယ်က မာန်သည် သူငယ်ချင်းရှားသည်။ လက်ချိုး ရေလို့တောင် ရလေသည်။ ထိုသူများထဲမှာ တစ်ဦးတည်းသော မိန်းကလေး သူငယ်ချင်း ရင်ခုန်တတ်စ အရွယ်ထဲက စချစ်ခဲ့ရသော မိန်းကလေး ဝတ်ရည် ဆိုးဝါးစွာနဲ့ မာန်ဘဝထဲက ထွက်သွားလေသည်။ မာန်ကျောင်းမှာ အပေါင်းအသင်းနဲ့ လူဝန်ဆံ့လာချိန် ကျောင်းတက်ရန် ပျော်လာချိန် ရည်မှန်းချက်တွေ ရှိလာချိန်တွင် မေမေက ကျောင်းထုတ်ကာ Australia မှာကျောင်းသွား တက်စေခဲ့သည်။ ထိုနောက် မာန်ဘဝသည် အစက ပြန်ဖြစ်သွားခဲ့သည်။ အပေါင်းအသင်း မရှိ အစစရာရာ တစ်ဦးတည်း စီမံခဲ့ရသည်။ ငွေကြေး ပြည့်စုံခဲ့သော်လည်း နေမကောင်း ဖြစ်နေရင်ပင် ဆေးလာတိုက်မည့်သူ မဆိုထားနဲ့ မေးမည့်လူတောင် မရှိခဲ့ပေ။ အပြင်ပန်းတွင် လူတစ်ယောက် သတ်ရန်ပင် စက္ကန့်ပိုင်းတောင် တွေဝေမနေသော လူတစ်ယောက် ဖြစ်လင့်ကစား အတွင်းပိုင်းတွင် မာန်သည် အရာရာ ကြောက်ရွံ့နေခဲ့သည်။ အချစ်ဆုံးနဲ့ တန်ဖိုးအထားရဆုံးသော ညီမလေး၊ တစ်ဘဝစာ အတွက် ရည်ရွယ်ခဲ့သော ချစ်ရသူတို့ တစ်ပြိုက်နက် ထွက်သွားချိန်မှစ၍ မာန်သည် ခက်ထန်လာသည်။ ချစ်ခြင်း တရားအား မယုံကြည့်တော့ပေ။ သို့သော် ချစ်ရသော သူတစ်ယောက်သည် နောက်ထပ် မာန့်ကမ္ဘာထဲသို့ ဝင်လာခဲ့လေသည်။ သို့သော် မာန်ကြောက်သည်။ မာန်ချစ်ရမှာ မြတ်နိုးရမှာ ကြောက်သည်။ တနည်း မာန်ဘေးက ထွက်သွားမှာ ကြောက်ရွံ့ခဲ့သည်။ ထို့နောက် မာန် ရက်စက်ခဲ့သည်။ ရင်ဘတ်ရှိ တလှာခြင်း ဖွန်းနေသော ဓားဒဏ်ရာအား လျှစ်လျူရှုကာ ရက်စက်သော မျက်နှာဖုံး တပ်ခဲ့သည်။ တဖြည်းဖြည်း မာန်အတ္တတွေ ရက်စက်ခြင်းများကို ခဝါချကာ ဘေးရှိချစ်ရသူထဲ အရိုးသားဆုံး နေမည်။ ထိုလူစိတ်ကြိုက် လိုအပ်တာတွေ ဖြည့်စည်း

ပေးမည်။ ဘဝကို သာသာယာယာဖြင့် ဖြတ်သန်းပြီး အနာဂတ်မှာ ကလေးလေးတွေ မွေးစားပြီး လက်ကျန်ဘဝလေးကို ဖြတ်သန်းမည်ဟု စိတ်ကူး ခဲ့သော်လည်း မထင်မှတ်ပဲ ချစ်ရသူက ကိုယ့်ဆီက ထွက်ပြေးကာ တစ်ခြားတစ်ယောက်နဲ့ နှစ်ချို ပတ်သတ်ခဲ့သည်။ မာန်က ... မာန်က အချစ်ခံရဖို့ မထိုက်တန် ခဲ့တာလား။ ချစ်ပေးဖို့ ကံရော မပါခဲ့တာလား။ ထိုအချိန်မှ စ၍ မာန်သည် လူတွေကို ရွံ့မုန်းလာခဲ့သည်။ ငွေကို ရေထက် ပိုသုံးနိုင်အောင် ရှာခဲ့သည်။ ဒီငွေတွေနဲ့ လူတွေ လည်ပင်း နင်းခဲ့သည်။ စိတ်ရှိလည်း လူတွေကို အလွယ်သတ်ပစ်နိုင်သည့် အဆင့်ရောက်ခဲ့သည်။ ဟုတ်တယ် ကိုယ်က ချစ်ခြင်းမေတ္တာနဲ့ မထိုက်တန်ခဲ့ရင်တောင် ရက်စက်ခြင်းတွေတော့ ထိုက်တန်ခဲ့သည်မလား။ သို့သော် မထင်မှတ်ချိန်တွင် ချစ်ရသူသည် မာန့်ဘဝထဲသို့ ပြန်ဝင် လာခဲ့လေသည်။ ထို့ကြောင့် ချစ်ဖို့ မထိုက်တန်ခဲ့တဲ့ မာန်အတွက် ရက်စက်ခြင်းတွေမှာပဲ လောင်ပိတ်နေမည့် မာန့်အတွက် ထိုချစ်ရသူ နောက်ထပ် ထပ်မထွက်သွားစေရန် အစွမ်းကုန် တားဆီးထားရမည်။ နောက်တစ်ကြိမ် ပြန်မထွက်သွားစေရန် မာန့်အား ကြောက်နေမှ ရမည်။ အာမခံရဲမှ ရမည်။ ထိုချစ်ရသူ ပြန်လာချိန်တွင်လည်း တစ်ခြားလူနှင့် ပတ်သတ်၍ ရခဲ့သော လက်ဆောင် ပါလာခဲ့သည်။ ကလေးတစ်ယောက် ရသည်အထိပင်။ နောက်ပိုင်း စုံစမ်းချက်များကြောင့် ချစ်ရသူနှင့် ပတ်သတ်ခဲ့သူသည် ရောဂါဖြင့် ဆုံးပါးသွားသည်ဟု သိခဲ့ရလေသည်။ သို့သော် ကလေးမိခင် ဆုံးပါးသွားမှန်း မသိခင်က သူတို့မိသားစုအား ပြန်လည် ပေါင်းစည်းပေးရန် အတွေးသည် မာန် ချစ်ရသူအပေါ် ထားသော ချစ်ခြင်း၊ အတ္တများအောက်တွင် လွှင့်စင် သွားခဲ့ရလေသည်။ ထို့ကြောင့် မာန့်ဘဝတွင် ချစ်ခင်ရသော တစ်ယောက်သောသူ ပြန်ထွက်မသွားရန် ထွက်မပြေးစေရန် ဒီအိမ်ထဲတွင် လှောင်ပိတ် ထားခဲ့လေသည်။ မာန်သည် တရားမဝင် အလုပ်များ

လုပ်ကိုင်နေသောကြောင့် ပြိုင်ဘက် များစွာနှင့် မနာလိုသူများစွာ ရှိနေလေသည်။ ထိုလူများအတွက် ချစ်ရသူသည် မာန့်အားနည်းချက် အဖြစ် မခံနိုင်သလို အထိခိုက် မခံနိုင်ပေ။ ထို့ကြောင့် အိမ်ပြင် အထွက်မခံကာ ရက်စက်ခြင်း မျက်နှာဖုံးဖြင့် အိမ်ထဲ၌သာ ပိတ်လှောင် ခဲ့လေသည်။

တောင်းပန်ပါတယ် ပိုင် ကိုယ်တောင်းပန်ပါတယ်။ ပုလဲနဲ့ကိစ္စ ကိုယ်မတတ်သာလို့ပါ။ ကိုယ်မူးနေတဲ့ ညမှာ ပုလဲနဲ့ မှားခဲ့လား မမှားခဲ့လား ကိုယ်မသိပေမဲ့ ပုလဲမှာ ကိုယ်ဝန်ရှိနေပြီတဲ့။ ကိုယ်ကလေး လိုချင်တာ မှန်တယ်။ ခုလိုပုလဲနဲ့ အခြေအနေမျိုး မဟုတ်ဘူးပိုင်။ ကိုယ်နဲ့ရတဲ့ ကိုယ်ဝန်ကို ကိုယ်တာဝန် မယူလို့ မဖြစ်ဘူးပိုင်။ ကိုယ့်မှာ ထုတ်ပြောလို့မရခဲ့တဲ့ အခြေအနေတွေ အများကြီးပိုင်။ ကိုယ် ပိုင်ကိုလည်း လက်လွှတ်ဖို့ မဖြစ်နိုင်ဘူး။ မိဘတွေတောင် သိနေတဲ့ ပုလဲ ကိုယ်ဝန်ကို ကိုယ်ဖြတ်ချခိုင်းဖို့ မဖြစ်နိုင်သလို မယူလို့လည်း မရဘူးခဲ့ပိုင်။ ကိုယ်တောင်းပန်ပါတယ် ကိုယ်တကယ် တောင်းပန်ပါတယ်။ ကိုထပ်ရက်စက်မိပြီ ကိုထပ်နာကြင်စေမိပြီ။ ပိုင်က မွေးမပေးနိုင်ပေမဲ့ မွေးစား ကလေးလေးတွေနဲ့ သာယာတဲ့ မိသားစုလေးကို ထူထောင်ချင်တာပါ။ ဒီလို အခြေအနေ မဟုတ်ဘူးပိုင်။ ကိုယ်တောင်းပန်ပါတယ်။

မာန်သည် တော်တော်ကြာကြာ ထိုင်နေရင်းမှ ထလာကာ ပိုင်၏ အိပ်ရာဘေးတွင် ဝင်လှဲ လိုက်လေသည်။

ပိုင်သည် ဘေးဘက်တွင် အနည်းငယ် လှုပ်ရှား သွားသောကြောင့် နောက်လည့် ကြည့်လိုက်ချိန်တွင် မာန်သည် မျက်လုံး မှိတ်လျက်ပင် ပိုင့်ဘေးတွင် ဝင်အိပ်နေလေသည်။ အရက်နံ့များသည်လည်း မာန်ကိုယ်ပေါ်တွင် မွှန်ထွန်နေလေသည်။ မာန်သည် ဝိုင်သာ သောက်သောကြောင့် မာန်သောက်ထားသည့် ညတွင် မာန့်ဆီမှ ဝိုင်နံ့ သင်းသင်းလေး ရတတ်သည်။ သို့သော် ယခု

အခါ အနံ့သည် ဆိုးဝါးသော အရက်နံ့ပင်ဖြစ်သည်။

မာန်သည် ပိုင့်ဘေးတွင် ဝင်လှဲရင်းမှ ပိုင်၏ လည်ဂုတ်လေးအား ညင်သာစွာ နမ်းနေလေသည်။ ထို့နောက် မာန်၏လက်တို့သည် ပိုင်၏ ညဝတ်ဘောင်းဘီ အတွင်းသို့ပင် ဖြည်းညင်းစွာ လျှောဆင်း သွားခဲ့လေသည်။

"မာန်"

ပိုင်သည် မာန်၏ လက်အား တားလိုက်သော်လည်း မာန်က ပိုင်၏ လက်အား ဖယ်ထုတ်လေသည်။ ထို့နောက် မာန်၏ လက်တို့သည် ပိုင်၏ အရာပေါ်သို့ ရောက်သွားကာ ပိုင်၏ အရာအား ဆုပ်ကိုင် လိုက်လေသည်။

"မာန် မလုပ်ပါနဲ့။ ပုလဲနဲ့ သွားအိပ်လိုက်ပါ။ ဒီည မာန် တို့မင်္ဂလာဦးညလေ မာန်စိတ်ပါရင် ပုလဲနဲ့ သွားအိပ် ... အာ့ ..."

မာန်သည် ပိုင်၏အရာအား ဖိညှစ်ကာ ဆောင့်ဆွဲ လိုက်လေသည်။

"မင်းလည်း ငါ့ယောကျာ်း ငါယူထားတာ ငါအိပ်ချင်တဲ့လူနဲ့ အိပ်မယ်".

"အာ့ အာ့ မာန်"

မာန်သည် ပိုမိုကြမ်းတမ်းစွာ ကိုင်တွယ် နေလေသည်။ ထိုမှတဆင့် မာန်၏လက်တည်နေရာသည် တဖြည်းဖြည်း ပြောင်းလာ လေခဲ့သည်။ ထို့နောက် လက်တစ်ချောင်းသည် ပိုင်၏ အနောက်သို့ ရန်စနေသည့် အချိန်တွင် ပိုင်သည် မာန့်လက်အား ဆုပ်ကိုင် လိုက်လေသည်။

"ပိုင် ပိုင် သွားပြင်ဆင် ပေးပ့ါမယ်"

မာန်သည် နီရဲနေသော မျက်လုံးဖြင့် ပိုင်အား ကြည့်နေလေသည်။ ထို့နောက် ပိုင်သည် အိပ်ရာမှ ထလိုက်ချိန်တွင် မာန်သည် ပိုင့်လက်အား ပြန်ဆွဲချကာ ပိုင့်အား ရင်ခွင်အောက်သို့ ပို့လိုက်လေသည်။ ပိုင်သည် ရုတ်တရက် အဖြစ်အပျက်များကြောင့် ခေတ္တ ကြောင်အသွားကာ မာန့်အား

စိုက်ကြည့် နေလေသည်။ မာန်သည် မျက်လုံးများ စဉ်းလာကာ မာန်၏ခေါင်းသည် တဖြည်းဖြည်း ရင်ခွင်ထဲရှိ ပိုင့်၏ မျက်နှာနားသို့ တိုးကပ်လာသောကြောင့် ပိုင်သည် မျက်လုံးသာ မှိတ်ချ လိုက်လေတော့သည်။ ပိုင်၏ လက်များသည်ပင် အင်္ကျီတစ်ဝက်သာ ကြယ်သီး တပ်ထားသော မာန်၏ အပေါ်ပိုင်းသို့ တွန်းထုတ် နေလေသည်။

တဖန် မာန်၏ လက်တို့သည် ပိုင်၏ ဝတ်ထားသော ဘောင်းဘီလေး အောက်သို့ လျှောဆင်း ခဲ့ပြန်သည်။ ပိုင်သည် မျက်လုံးသာ စုံမှိတ် ထားလိုက်လေသည်။ သို့သော် အတွေး တစ်ခုသည် ပိုင့်ထံသို့ ကြီးစိုး လာခဲ့လေသည်။ ဟင့်အင်း ပိုင် မလုပ်သင့်ပေ။ ဒီည ပုလဲနှင့် မင်္ဂလာဦးည ဖြစ်သည်။ တစ်ဖက် မိန်းကလေးအား အားနာရသည်။ ပိုင်လိုက်လျော၍ မဖြစ်ပေ။ ထို့ကြောင့် ပိုင်သည် မျက်လုံး ပြန်ဖွင့်ကာ

"တော်ပါတော့ မာန်။ ရှေ့မဆက်ပါနဲ့တော့ ပုလဲ အခန်းထဲမှာ စောင့် ... စောင့်နေတယ်။ သွား ... သွား ... အွန့်"

ပိုင်သည် စကား ဆက်ပြော၍ မရအောင်ပင် မာန်၏ နှုတ်ခမ်းတို့သည် ပိုင်၏ နှုတ်ခမ်းတို့ဖြင့် ထိကပ် သွားလေသည်။ စက္ကန့် အနည်းငယ် ကြာသည့်အချိန်မှ မာန်သည် လွှတ်ပေးကာ မာန်၏ လက်သည်ပင် ဘောင်းဘီထဲမှ ပြန်ထွက် လာပြီးနောက် ပိုင်၏ ပါးလေးအား ညင်သာစွာ ကိုင်လိုက်လေသည်။ ထို့နောက် မာန်သည် နူးညံ့သော အထိအတွေ့များနှင့် တဖန် ပိုင်၏ နှုတ်ခမ်း ပေါ်သို့ နှုတ်ခမ်းခြင်း ဖိကပ်ကာ အပေါ်နှုတ်ခမ်းအား တစ်လှည့်၊ အောက်နှုတ်ခမ်းလေးအား တစ်လှည့်ပင် နမ်းယူ ထွေးပွေ့ နေလေသည်။ ပိုင်နှင့်မာန် လက်ထပ်သည်မှ ၇နှစ်ကျော်သည့်တိုင် မာန်သည် ပိုင်အား အနမ်းတစ်ပွင့်တောင် မပေးခဲ့သောကြောင့် ပိုင်သည် ကြောင်အကာ မျက်လုံးများပင် မှိတ်နေ လေတော့သည်။ ပိုင်သည် ပြန်၍ မတုံ့ပြန်ခဲ့သလို

ငြင်းဆန်ခြင်းလည်း မပြုခဲ့ပေ။ တဖြည်းဖြည်း မာန်၏ အနမ်းတို့သည် ပိုင်၏လျှာအား ဆွဲယူကာ ထွေးပွေ့နေသည်အထိ ကြမ်းတမ်း လာခဲ့လေသည်။ မာန်သည် ထွေးပွေ့မှုအား လွတ်မသွားစေပဲ လက်သည် ပါးပြင်မှ တဆင့် ပိုင်၏ အင်္ကျီကြယ်သီးအား တစ်လုံးချင်း ဖြုတ်နေလေသည်။ ထို့နောက် စက္ကန့်အနည်းငယ် အကြာတွင် ကုန်စင်ကာ လမ်းခွဲသွားသော ကြယ်သီးများနှင့် အတူ ပိုင်၏ ခန္ဓာကိုယ် အထက်ပိုင်းသည် အေးစက်ကာ လစ်ဟာ သွားလေသည်။ မာန်သည် ပိုင်အား နမ်းရှိုက်မြဲ နမ်းရှိုက် နေလေခဲ့သည်။ ထိုမှ တဆင့် မာန်၏ လက်သည် ပိုင်၏ ခန္ဓာကိုယ် အပေါ်ပိုင်းအား ပွတ်သပ်နေခြင်းနှင့် အတူ ရင်ဘတ်ပေါ်ရှိ အရာလေး နှစ်ခုအား ဖိချေလိုက်ချိန်တွင် "အ့"ဟူသော အော်သံနှင့်အတူ ပိုင်မျက်လုံး ပြန်ဖွင့်လာကာ ခန္ဓာကိုယ်သည်ပင် အိပ်ရာမှ အနည်းငယ် လွတ်သွားကာ ကျောပင် ကော့တက် သွားလေသည်။

ထိုမှတဆင့် မာန်သည် ပိုင်၏ နားရွက်အား တစ်ချက် နမ်းလိုက်ကာ နားရွက်အောက်ပိုင်းသို့ ဆင်းကာ ထိုနေရာရှိ လည်ပင်းသားလေးအား စုပ်ယူခြင်းနှင့်အတူ ပိုင်သည် မျက်လုံးများ မှေးစင်းကာ အိပ်ရာထက်မှ ခါးသည်ပင် ကော့တက် နေလေသည်။

ထို့နောက် မာန်၏ နှုတ်ခမ်းသည် တဖြည်းဖြည်း ဆင်းလာကာ ရင်ဘက်ပေါ်ရှိ အရာနှစ်ခုအား တတိတိ ကိုက်နေရင်းဖြင့် စုပ်ယူနေကာ မာန်၏ လက်သည် အောက်ဘက် ဘောင်းဘီသို့ သက်ဆင်းသွားပြီးနောက် ပိုင်၏ ဘောင်းဘီလေးသည် ကိုယ်ပေါ်မှ စွန့်ခွာ သွားခဲ့လေသည်။ ပိုင်သည် မျက်လုံး မှိတ်ထားကာ အိပ်ရာခင်းအား ဆုပ်ကိုင် ထားလေသည်။

"အာ့ ... မာန် ... နာတယ် မကိုက်ပါနဲ့"

အချိန်တစ်ခု ကြာသည့် အချိန်မှ မာန်သည်ပိုင်၏ ခြေနှစ်ချောင်း ကြားထဲ

တွင် ဝင်ကာ ခေါင်းငုံ့၍ပင် ပိုင့်၏အရာအား ထွေးပွေ့ပေးခဲ့ လေသည်။ ပိုင်သည် မာန်အား ခေါင်းအနည်းငယ် ထောင်ကာ မော့ကြည့်ပြီးနောက် မျက်လုံးစုံ မှိတ်လိုက်ကာ အိပ်ရာခင်းကိုသာ တင်းကျပ်စွာ ဆုပ်ကိုင် လိုက်လေသည်။ ပိုင်၏ ခံစားချက်တို့ အထွတ်အထိပ်သို့ ရောက်လာသည့် အချိန်တွင် မာန်သည် ဖယ်ခွာသွားကာ ပိုင်၏ ဗိုက်အောက် ဖက်နားရှိ ချုပ်ရိုးလေးအား ဖြည်းညင်းစွာ နမ်းရှိုက် နေခဲ့လေသည်။ ထို့နောက် မာန်သည် ပိုင်၏ နှုတ်ခမ်းအား ပြန်လည် နမ်းရှိုက်လာပြီးနောက်တွင် မာန်၏ အရာသည်ပင် ပိုင်၏ အတွင်းသားထဲသို့ တရစ်ရစ် တိုးဝင် လာခဲ့လေသည်။

"အ့ ... အာ့ ... မာန် နာတယ်"

မာန်နှင့် အတူ မနေသည်မှာ ဖြနှစ်ကျော် ကြာမြင့်ပြီ ဖြစ်သောကြောင့် ခံစားရသော ဝေဒနာသည် နှစ်ဆပင် တိုးလာခဲ့သည်။ အရာအားလုံးသည် အသစ်ဖြစ်နေခဲ့သည်။ မာန်၏ အရာသည် တတိတိ တိုးဝင်လာသည်နှင့် အမျှ စိုစွတ်လာခြင်းကြောင့် သွေးထွက်သော အမှုအား ဖြစ်နေကြောင်း ပိုင်နားလည် လာလေသည်။ ထိုအရာသည် တရိပ်ရိပ် တိုးဝင်လာသည့်နှင့်အမျှ ပိုင်၏ နာကျင်မှုသည် တရိပ်ရိပ် တိုးတက် လာခဲ့လေသည်။ ထို့ကြောင့် ပိုင်သည် နှုတ်ခမ်းသာ ဖိကိုက်ထားခြင်းကြောင့် သွေးပင် စို့နေလေသည်။ မာန်သည် ဖိကိုက်ထားသော ပိုင်၏ နှုတ်ခမ်းအား အသာအယာပင် နမ်းရှိုက် နေခဲ့လေသည်။ ထို့ပြင် ရင်ဘတ်ရှိ အရာအား တစ်လှည့် စုပ်ယူ နေလေသည်။ ထို့နောက် ပိုင်သည် အပေါ်ပိုင်းသို့ အာရုံ ပြန်ရောက်နေစဉ် အောက်ပိုင်းမှ အရာသည် တစ်ဟုန်ချင်း အထဲအား တိုးဝင် လာခဲ့လေသည်။

"အား ... မာန်"

တိုးဝင်သွားသော မာန်၏ အရာသည် အတွင်းသို့ ရောက်လေလေ ပို၍ တိုးလာသော ပိုင့်နာကျင်မှုအား မာန်သည် နှုတ်ခမ်းများအား မလွှတ်တမ်း

ထွေးပွေ့ပေးခဲ့ခြင်းဖြင့်သာ ချေပ ပေးခဲ့လေသည်။ ထို့နောက် မာန်၏ အရာသည် ဖြေးဖြေးမှတဆင့် မြန်သထက် မြန်လာသောကြောင့် ပိုင်သည် အိပ်ရာခင်းကိုပင် ကျောကော့ကာ ဆုပ်ကိုင် ထားသော ပိုင်၏ လက်ကိုပင် မာန်၏ လက်ဖြင့် ဆုပ်ကိုင် ပေးခဲ့သည်။ ထို့နောက် မာန်သည် ပိုင်၏ နားရွက်လေးအား တစ်ချက် နမ်းရှိုက်လိုက်ကာ မောဟိုက်စွာဖြင့် မာန်၏ နှုတ်ခမ်းမှ စကားတစ်ခွန်းသည် ညင်သာစွာ ထွက်ကျ လာလေသည်။

"ချစ်တယ် ပိုင်"

ပိုင်သည် မောဟိုက်စွာဖြင့် မှိတ်ထားသော မျက်လုံးအား အသာအယာ ပြန်ဖွင့်လိုက်ကာ မာန်အား ကြည့်လိုက်ချိန်တွင် နဖူးထက်တွင် ချွေးများ စို့နေသော မာန်သည် ပိုင်အား မျက်ရည်ဝဲနေသော မျက်လုံးများဖြင့် ကြည့်နေလေသည်။

"မာန် ..."

ပိုင်သည် ရုတ်တရက် ကြားလိုက်သော စကားကြောင့် မယုံကြည်နိုင်လောက်အောင် ဖြစ်သွား လေသည်။

"ဟုတ်တယ် ပိုင် ပိုင့်ကို ချစ်တယ်။ ကိုယ်မူးနေလို့ ပြောတာ မဟုတ်ဘူး ပိုင်။ ပြီးတော့ ကိုယ် ... ကိုယ်တောင်းပန်ပါတယ်"

"..."

ပိုင်သည်ပင် ဆွံ့အ နေလေသည်။ ထို့နောက် မာန်သည် ပိုင်၏ နှုတ်ခမ်းအား ညင်သာစွာ ပြန်လည် ထွေးပွေ့ ခဲ့ပေးခဲ့လေသည်။ အချိန်ကာလ ကြာလာသည်အမျှ အဝင်အထွက်သည် ပိုမို ကြမ်းတမ်း လာခဲ့လေသည်။ ပိုင်သည်ပင် စိတ်ပါလာပြီ ဖြစ်သောကြောင့် အိပ်ရာခင်းအား ကိုင်ထားသော လက်သည် အိပ်ရာခင်းအား လွှတ်ကာ မာန်၏ လည်ပင်းအား

ပြန်လည် သိုင်းဖက် လာလေတော့သည်။

"မာန် ဖြေးဖြေး ပိုင် ပိုင်နာအာ့ ... အာ ... နာ ... နေပြီ"

မာန်သည် မရပ်တန့်နိုင်ပေ။ ပို၍သာ တိုးဝင် နေလေသည်။ မာန်၏ လည်ပင်းအား ပြန်လည် သိုင်းဖက်ထားသော ပိုင်၏ လက်တို့သည် ပိုမို တင်းကျပ် လာလေသည်။ တဖြည်းဖြည်း အထွတ်အထိပ် ရောက်လာသော မာန်၏ ခံစားချက်တို့ ပြီးဆုံးသွားသည့် အချိန်တွင် မာန်သည် ခဏတာ ငြိမ် သက်နေလိုက်ပြီးနောက် ပြန်ထုတ်ရန် ပြင်လိုက်ချိန်တွင် ပိုင်သည် မော ဟိုက်စွာ မာန့်အား မျက်လုံး ဖွင့်ကြည့် လိုက်လေသည်။ ထို့နောက် မာန်သည် ပိုင်ဆီမှ ဆွဲထုတ်ကာ ရေချိုးခန်းထဲ ဝင်ရန် ပြင်လိုက်ချိန်တွင် ပိုင်သည် မောဟိုက်ကာ မျက်ရည်များ စိုစွတ်နေသော မျက်ဝန်းဖြင့် မာန့် အား မော့ကြည့်နေပြီးနောက် ပိုင်၏ လက်တို့သည် မာန်၏ လည်ပင်းအား ပြန်လည် သိုင်းဖက် လာပြီးနောက် ပိုင်သည် ခေါင်းမော့ကာ မာန်နှုတ်ခမ်း အား စုပ်ယူ လိုက်လေသည်။ ထိုနောက် လည်ပင်းမှ တဆင့် ရင်ဘက်အား နမ်းရှိုက်လိုက်ကာ မာန် ရင်ဘတ်ပေါ်ရှိ အရာနှစ်ခုအား ညင်သာစွာ စုပ်ယူ နေလိုက်ပြီးနောက် မျက်ရည်များ ပြည့်နှက်နေသော မျက်ဝန်းဖြင့် မာန်အား ပြန်ကြည့်လိုက်လေသည်။ ထို့နောက် ပိုင်သည် တုန်ယင်နေသော နှုတ်ခမ်း တို့အား အနည်းငယ် ဟလိုက်ကာ မောဟိုက်နေရင်းပင် မပြီမပြင်သော စကားတစ်ခွန်းသည် ပိုင့်နှုတ်ခမ်းမှ ထွက်ကျ လာခဲ့လေသည်။

"မာန် ... မာန် ပိုင့်ကိုထပ် ... ထပ်ပေးပါနော်"

***